# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၀၅၆)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို မြန်မာနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

သတင်းစဉ်

### ယနေ့ ဖတ်စရာ


"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ခြင်းမှ အစတည် "ရွှေ၊ ဖွံ့၊ သာ စေမည် တို့တိုင်းပြည်"
ဆောင်းပါး စာ ၆

ပညာရေးကိုဗဟိုပြုသော ဖွံ့ဖြိုးရေးမူဝါဒများဖြင့် အနာဂတ်နိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်
ဆောင်းပါး စာ ၁၀

ပိုလီတက္ကနစ် တက္ကသိုလ်(ပင်လုံ)၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် သင်တန်းများစတင်ဖွင့်လှစ်
ပြည်တွင်းသတင်း စာ ၁၁

လားရှိုးတက္ကသိုလ် ပြန်လည်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အခမ်းအနားကျင်းပ
ပြည်တွင်းသတင်း စာ ၁၉


### ထူးခြားသည့် ညအပူချိန်များ ၂၄-၁၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါးမြို့ | ၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်းမြို့ | ၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |



## ကယားပြည်နယ်အတွင်းရှိ တက္ကသိုလ်များနှင့် ဒီဂရီကောလိပ်များ စတင်ဖွင့်လှစ်

**လွိုင်ကော် နိုဝင်ဘာ ၂၄**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကယားပြည်နယ်အတွင်းရှိ တက္ကသိုလ်များနှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်များကို ယနေ့တွင် စတင်ဖွင့်လှစ်သင်ကြားလျက်ရှိပြီဖြစ်သည်။

**တက်ရောက်သင်ကြား**

လွိုင်ကော်တက္ကသိုလ် နေ့သင်တန်းများတွင် ဘာသာရပ် ၁၄ ခု၊ တန်းစဉ် ၁၃ ခု၌ ကျောင်းသားကျောင်းသူ ၁၇၂ ဦး၊ နည်းပညာတက္ကသိုလ်တွင် ဘာသာရပ် လေးခု၌ ကျောင်းသား ကျောင်းသူ ၄၄ ဦး၊ ကွန်ပျူတာတက္ကသိုလ်တွင် ကွန်ပျူတာသိပ္ပံ ကျောင်းသား ကျောင်းသူ ၆၀ နှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်တွင် ကျောင်းသား ကျောင်းသူ ၂၇၄ ဦးတို့ စတင်တက်ရောက် ပညာသင်ကြားလျက်ရှိသည်။


*စာမျက်နှာ ၄ ကော်လံ ၁ ✻*




## မြန်မာ့အလင်း

# စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး

ရေအရင်းအမြစ်ပေါများကြွယ်ဝခြင်း၊ မြေဆီဩဇာကောင်းမွန်ခြင်း၊ တစ်ဆက်တစ်စပ်တည်း ကျယ်ပြန့်သော လယ်မြေများ တည်ရှိနေခြင်း စသည့် သဘာဝပေးသည့်အခြေအနေကောင်းများကို အကြောင်းပြု၍ ဧရာဝတီတိုင်းဒေသကြီးမှာ မြန်မာနိုင်ငံ၏ အဓိကစပါးစိုက်ပျိုးထုတ်လုပ်ရာ ဒေသကြီးအဖြစ် ရပ်တည်နေပြီး နိုင်ငံ၏စပါးကျီဟူ၍ တင်စားခေါ်ဝေါ်ခြင်းကို ခံရသည်။ ထို့အပြင် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်အလျောက် မြစ်ချောင်းအင်းအိုင်များ၊ ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်တို့ ဆက်စပ်တည်ရှိနေခြင်းကြောင့် ရေချိုရေငန်ငါးဖမ်းလုပ်ငန်းများ၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများလည်း ထွန်းကားသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာဖြစ်သော ရန်ကုန်တိုင်းဒေသကြီးနှင့် နီးကပ်စွာတည်ရှိနေပြီး ကားလမ်း၊ ရေလမ်းတို့ ကောင်းမွန်စွာ ချိတ်ဆက်ထားခြင်းကြောင့် ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်သည့် အားသာချက်လည်းရှိနေသည်။ တိုင်းဒေသကြီးအလိုက် ဂျီဒီပီချင်း နှိုင်းယှဉ်ပါက အလယ်အလတ်အဆင့်တွင်ရှိနေပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှုတွင် ဧရာဝတီတိုင်းဒေသကြီး၏ ပါဝင်မှုမှာ စတုတ္ထအဆင့်ခန့်တွင်ရှိသည်။ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၆ မြို့နယ်တွင် နေထိုင်သူစုစုပေါင်း ခြောက်သန်းကျော်ရှိသည့်အနက် ကျေးလက်တွင်နေထိုင်သူ ၈၅ ရာခိုင်နှုန်းရှိပြီး မြို့ပြများတွင် နေထိုင်သူမှာ ၁၅ ရာခိုင်နှုန်းသာရှိသည်။ သို့ဖြစ်ရာ တိုင်းဒေသကြီး၏ စီးပွားရေးကို မောင်းနှင်နေသည့်ကဏ္ဍမှာ လယ်ယာ၊ သားငါးလုပ်ငန်းများပင်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်သကဲ့သို့ ပညာရေးတွင်လည်း မြင့်မားသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းပညာများ၊ နည်းစနစ်များနှင့် ပေါင်းစပ်လုပ်ကိုင်နိုင်ပါလျှင် တိုင်းဒေသကြီး၏ စီးပွားရေးမှာ လက်ရှိအခြေအနေထက် တစ်ဟုန်ထိုး မြင့်မားသွားနိုင်သည်။ ယင်းအတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာများကို အဆင့်မြင့်ခေတ်မီတတ်မြောက်ကြသည့် လူသားအရင်းအမြစ်များပင်ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီး၏ အရေးပါသောနေရာတွင် တည်ရှိသည့် မအူပင်ဒေသတွင် "စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)"ကို ဖွင့်လှစ်ပေးခြင်းဖြင့် ဖြည့်ဆည်းပေးလိုက်ပြီဖြစ်သည်။

"စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်ရသည့် အခြေခံရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာ သိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာသိပ္ပံဘွဲ့ရ ပညာရှင်များ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီနည်းပညာများ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်ကြစေရန်နှင့် လက်တွေ့အသုံးချသုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာ ဆောင်ရွက်နိုင်ကြစေရန်ပင်ဖြစ်ကြောင်း" နိုဝင်ဘာ ၂၃ ရက်က ကျင်းပသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်)ကို ဘာသာရပ်ဆိုင်ရာသင်ကြားမှု၊ သင်ယူမှုသာမက သုတေသနအခြေပြုတက္ကသိုလ်တစ်ခု (Research Oriented University) အဖြစ် တိုးမြှင့်ဖြစ်ပေါ်လာစေရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်လာစေရန်ဟူသော ရည်မှန်းချက်များ ချမှတ်ထားပြီး တက္ကသိုလ်၏ ဆောင်ပုဒ်ကို "စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး" ဟူ၍ ချမှတ်ထားသည်။

"နိုင်ငံတော်၏ စပါးကျီ" ဒေသတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်တစ်ခု ထပ်မံပေါ်ထွန်းလာခြင်းက နိုင်ငံ၏အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်နှင့် အားဖြည့်ပေးခြင်းဖြစ်သည်။ မိရိုးဖလာနည်းလမ်းများနှင့် လုပ်ကိုင်နေသည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် အစားထိုးဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်နိုင်ခြင်းအပေါ် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုအပ်ပါကြောင်း။ ။

## ၂၄ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၂၄

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅ - ၁၁ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၀၀ | ၂၇၀၅ | ၂၆၈၀ | ၂၆၁၅ | ၂၇၂၀ | ၂၇၃၅ | ၂၇၅၀ | ၂၆၇၀ | ၄၅၀၅ | ၂၉၆၅ | ၂၆၉၀ | ၂၉၂၀ | ၂၇၆၀ | ၂၇၂၅ | ၂၇၄၅ | ၃၀၀၅ |
| 95 Ron | ၂၆၇၅ | ၂၇၉၀ | ၂၇၅၅ | ၂၆၉၀ | ၂၇၈၅ | ၂၈၀၀ | ၂၈၂၅ | ၂၇၄၅ | ၄၅၆၀ | ၃၀၄၀ | ၂၇၆၀ | ၃၀၀၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၂၀ | ၃၀၈၀ |
| HSD (500 ppm) | ၂၅၅၅ | ၂၆၇၀ | ၂၆၃၅ | ၂၅၇၀ | ၂၆၇၅ | ၂၆၉၀ | ၂၇၀၀ | ၂၆၂၅ | - | ၂၉၂၀ | ၂၆၄၅ | ၃၃၀၅ | ၂၇၀၅ | ၂၆၈၀ | ၂၇၀၀ | ၂၉၆၀ |
| HSD (50 ppm) | ၃၀၈၅ | ၃၂၁၀ | ၃၀၇၅ | ၃၀၀၀ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၀၆၅ | ၄၈၃၀ | ၃၄၆၀ | ၃၀၈၀ | ၃၃၅၀ | ၃၂၅၅ | ၃၂၂၀ | ၃၂၄၀ | ၃၄၈၅ |
| HSD (10 ppm) | ၃၀၈၅ | ၃၂၁၀ | ၃၀၇၅ | ၃၀၀၀ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၀၆၅ | - | ၃၄၆၀ | ၃၀၈၀ | ၃၃၅၀ | ၃၂၅၅ | ၃၂၂၀ | ၃၂၄၀ | ၃၄၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၄၃ | ၂၅၂၆ |
| 95 Ron | ၂၅၁၅ | ၂၅၉၉ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၇၇ |
| HSD (50 ppm) | ၂၉၂၂ | ၃၀၁၀ |
| HSD (10 ppm) | ၂၉၂၂ | ၃၀၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တရားမ အထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး တရားမ အထူးအယူခံမှု ခြောက်မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်သင်းသင်းနွဲ့၊ ဒေါက်တာကိုကိုနိုင်၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၆/၂၀၂၅ (မန္တလေး)၊ ၂၃/၂၀၂၅ (ရန်ကုန်)၊ ၂၄/၂၀၂၅ (ရှမ်း)၊ ၂၅/၂၀၂၅ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု အမှတ် ၂၁/၂၀၂၅ (မကွေး)၊ ၃၅/၂၀၂၅ (ဧရာဝတီ)၊ ၃၆/၂၀၂၅ (မကွေး)၊ ၃၉/၂၀၂၅ (ရန်ကုန်)၊ ၄၀/၂၀၂၅ (မန္တလေး)၊ ၄၄/၂၀၂၅ (မကွေး) စုစုပေါင်း တရားမ အထူးအယူခံမှု ခြောက်မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## Naypyitaw State Polytechnic University (NSPU) ၌ သိပ္ပံပွဲတော် ၂၀၂၅ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM"နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၅ ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Polytechnic University (NSPU) ၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပါမောက္ခများ၊ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်နှင့် ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကကျင်းပခဲ့သည့် သိပ္ပံပွဲတော်များ၏ မှတ်တမ်းဗီဒီယိုများကို ပြသ၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားကာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. I.K. Azizov က ဂုဏ်ပြုအမှာစကားပြောကြားပြီး NSPU နှင့် ရမည်းသင်း နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကိုယ်စားလှယ်များက အနုပညာပြပွဲ(Splitting Color) ဆုရရှိသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြကာ ကျောင်းသားလူငယ်များ၏ ပန်းချီပြပွဲနှင့် Project Shows ပြုလုပ်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။(ယာပုံ)

အဆိုပါ သိပ္ပံပွဲတော်ကို Naypyitaw State Polytechnic University (NSPU)၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိကျင်းပ၍ အခြေခံပညာ ကျောင်းသားကျောင်းသူများအတွက် နျူကလီးယားဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများကျင်းပပြုလုပ်ကာ ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် Oliver Stone "Nuclear Now"မှတ်တမ်းရုပ်ရှင်နှင့် "ATOM Egypt ENG Master" နှင့် "The City Falls Asleep" မှတ်တမ်းရုပ်ရှင်တို့များ ပြသခြင်း၊ "Nuclear Technology in Everyday Life5"



ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခြင်းနှင့် နျူကလီးယားဆိုင်ရာ အသိပညာများ မျှဝေခြင်းများ ပါဝင်မည်ဖြစ်သည်။

ယခုလို သိပ္ပံပွဲတော်ကျင်းပခြင်းအားဖြင့် အခြေခံပညာအဆင့်မှသည် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် လူငယ်ပညာရှင်များအထိ နျူကလီးယားပညာရပ်အပါအဝင် သိပ္ပံဆိုင်ရာ အသိအမြင်များ၊ အတွေ့အကြုံဗဟုသုတများတိုးပွားလာစေခြင်း၊ သိပ္ပံပညာကို ပိုမိုစိတ်ဝင်စားစေပြီး သိပ္ပံပညာဆိုင်ရာ အသစ်အဆန်းများ လေ့လာစူးစမ်းလိုစိတ် ဖြစ်ပေါ်လာစေခြင်း၊ ပညာရေးကဏ္ဍတွင် လူငယ်များ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးနိုင်ခြင်း၊ နိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာများ ပြန့်ပွားလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ သိပ္ပံနှင့် နျူကလီးယားစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ဒုတိယဝန်ကြီး ဦးကိုကိုကျော် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ကို လက်ခံတွေ့ဆုံ

### နိုင်ငံတကာမျက်နှာစာ၌ မြန်မာ–ရုရှား ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ဝဲပုံ)

တွေ့ဆုံစဉ် နိုင်ငံတကာမျက်နှာစာ၌ မြန်မာ–ရုရှား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲ တောင်ကြီးမြို့၌ ကျင်းပ





**တောင်ကြီး နိုဝင်ဘာ ၂၄**

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့်လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ကြီးမြို့ရှိ တောင်ကြီးတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော MRTV-4 မှ ရိုက်ကူး/ ထုတ်လုပ်သည့် ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲများမှ နာမည်ရအနုပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက "လှမ်းခဲ့တော့လေ ချယ်ရီမြေ" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက စီစဉ်ထုတ်လုပ်သည့် "ပြင်းထန်တဲ့ မြေလျှောင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့ အနာဂတ်" နှင့် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ"Video Clipတို့ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင်သတင်းတု၊သတင်းမှားများအန္တရာယ်ကို အထူးဂရုပြု ချင့်ချိန်ဆောင်ရွက်ကြရန်နှင့် သတင်းမှန်ပြန်ကြားမှုများကို ကြည့်ရှုနားဆင်ပြီး အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်အစိုးရက အနာဂတ်အတွက်လူငယ်များကိုအလေးထားတန်ဖိုးထားပါကြောင်းနှင့်ပညာရေးကိုအထူးအားပေးဆောင်ရွက်နေပါကြောင်း၊ မကြာမီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည်ဖြစ်ရာ အသက် ၁၈ နှစ်ပြည့်ပြီးသူ ဆန္ဒမဲပေးရန် သင့်လျော်ကိုက်ညီသူများအနေဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့်သူများကို ဆန္ဒအလျောက် လွတ်လပ်စွာ ဆန္ဒပြုမဲပေးခြင်းဖြင့် နိုင်ငံသားတစ်ဦးချင်းစီ၏ တာဝန်ကျေပွန်အောင် ဆောင်ရွက်သင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက MRTV DTH စလောင်းအစုံ ၅၀ ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် တရားသူကြီးချုပ်တို့က MRTV DTH စလောင်း ၁၀ စုံကို တက်ရောက်လာကြသူများအား မဲဖောက်၍ ပေးအပ်ကြသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က အဆိုပါ ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၆၇၅ တွဲ ရောင်းချရ

**နေပြည်တော် နိုဝင်ဘာ ၂၄**

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ



ကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက် ကျောက်စိမ်း အတွဲပေါင်း ၆၇၅ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲနဝမနေ့တွင် ရောင်းချမည့် အုပ်စု(စီ) အတွဲအမှတ်(၃၆၅၁) မှ (၄၄၀၀) အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။ အဆိုပါဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ယနေ့ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့်ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၅ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

ယနေ့ ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်စိမ်းအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ကျန်ရှိသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၆ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

** ရှေ့ဖုံးမှ*

ယနေ့ဖွင့်လှစ်သည့် တက္ကသိုလ်များနှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်တို့သို့ ကယားပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစိန်ဦးသွားရောက်ကာ စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများစိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုကိုကြည့်ရှုပြီး ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **မေစု(ပြန်/ဆက်)**



## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်များကို ရွေးချယ်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်ရွေးချယ်ရေးဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်အတွက် အားထားရမည့် တက္ကသိုလ် ကျောင်းသားကျောင်းသူများကို ဗလငါးတန်နှင့် ပြည့်စုံသော လူချွန်လူကောင်းများ မွေးထုတ်လေ့ကျင့်ပေးရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်ရွေးချယ်ရေးစီမံကိန်းကိုစတင်ခဲ့ပြီး ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်များကို ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ဆက်စပ်ဝန်ကြီးဌာန ကိုးခုရှိ မွေးမြူရေးနှင့် စိုက်ပျိုးရေးတက္ကသိုလ် (မအူပင်)အပါအဝင် တက္ကသိုလ် ၁၅၈ ခုမှ တစ်ကျောင်းလျှင် ပထမနှစ် ကျောင်းသား ကျောင်းသူတစ်ဦးနှင့် ဒုတိယနှစ် ကျောင်းသားကျောင်းသူတစ်ဦးစီဖြင့် စုစုပေါင်း ၃၁၅ ဦးကို စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်ရွေးချယ်ရေး ဆိုင်ရာလုပ်ငန်းများနှင့် ဖွင့်လှစ်မည့် လူရည်ချွန်စခန်းများကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အဆင့်မြင့် ပညာအဆင့် လူရည်ချွန်ရွေးချယ်ရေးဆိုင်ရာလုပ်ငန်းများနှင့် တက်ရောက်လာသူများက အဆင့်မြင့်ပညာအဆင့် လူရည်ချွန်ရွေးချယ်ရေးဆိုင်ရာလုပ်ငန်းအဆင့်ဆင့်နှင့် ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးအထောက်အကူပြုပစ္စည်းများ တင်သွင်းမှုမှသည် ထုတ်လုပ်မှုဆီသို့ ညှိနှိုင်းအစည်းအဝေးပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးအထောက်အကူပြုပစ္စည်းများ တင်သွင်းမှုမှသည် ထုတ်လုပ်မှုဆီသို့ ညှိနှိုင်းအစည်းအဝေးပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက စာရင်းများအရ ဆေးဝါးကုမ္ပဏီ ၇၉၆ ခု၊ ဆေးပစ္စည်းကုမ္ပဏီ ၆၄၆ ခုရှိပြီး ကုမ္ပဏီများ၏ လျှောက်ထားပစ္စည်းများကို ဆေးရုံများနှင့် ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ ဦးစားပေးအနေဖြင့် ခွင့်ပြုပေးနေသော်လည်း ဈေးကွက်အတွင်း၌ ဆေးဝါးဈေးနှုန်းများ ကျဆင်းလာခြင်းမရှိသေးသကဲ့သို့ ဆေးပစ္စည်းလိုအပ်ချက်များကိုလည်း ကြားသိနေရကြောင်း၊ ပုံမှန်လိုင်စင်ခွင့်ပြုပေးနေသည့်တိုင် ကုမ္ပဏီအချို့၏ သွင်းကုန်ပစ္စည်းကိုထိန်းပြီး ဈေးနှုန်းကစားလိုမှု၊ ရောက်ရှိပစ္စည်းကို ဈေးကွက်အတွင်း ထိန်းကျောင်းဖြန့်ဖြူးမှုတို့ကြောင့် ခွင့်ပြုသည့်ဆေးဝါးများ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာမှု လျော့နည်းရခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဈေးကွက်သဘောတရားအရ အရင်းအနှီးနှင့် စွမ်းဆောင်ရည်မြင့်မားသည့် ကုမ္ပဏီကြီးများအနေဖြင့် ဈေးကွက်ကို လွှမ်းမိုးသည့်အခြေအနေ (Dominant Postion) ကို ပိုင်ဆိုင်နိုင်ကြကြောင်း။

သို့ရာတွင် ဈေးကွက်လွှမ်းမိုးထားသည့်အခြေအနေကို အသာစီးရယူပြီး ဆေးပစ္စည်းများ သိုလှောင်ထိန်းသိမ်းကာ ဈေးကွက်ကို မကစားကြရန်၊ ဈေးနှုန်းထိန်းချုပ်ခြင်း မပြုလုပ်ကြရန်၊ အခြားပြိုင်ဘက်ကုမ္ပဏီများအား လုပ်ကိုင်နိုင်စွမ်းမရှိအောင် မပြုလုပ်ကြရန် အသိပေးပြောကြားလိုကြောင်း၊ ဆေးပစ္စည်းရောင်းချခြင်းသည် ပရဟိတဆန်သော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သောကြောင့် ကုမ္ပဏီတစ်ခုနှင့်တစ်ခု ထိန်းကျောင်းပြီး ပြည်သူ့လူမှုဘဝတိုးတက်စေရေးကို မေတ္တာထားကာ ကုမ္ပဏီအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်တွင်းဆေးဝါးစက်ရုံများအနေဖြင့် ပြည်တွင်း၌ ဆေးအမျိုးအစားယခုထက်ပိုမို၍ စုံလင်ပြီး ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် နိုင်ငံခြားငွေအသုံးပြုမှု လျော့ကျသွားမည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ဒုတိယဝန်ကြီး ဦးမင်းမင်းတို့က ပြည်သူများသို့ ဝန်ဆောင်မှုပေးနေမှု၊ ဆေးဝါးထောက်ပံ့ပေးနိုင်မှုနှင့် ဆေးဝါးပစ္စည်းများ တင်သွင်းပေးနိုင်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Football for Schools နှင့် ကျောင်းဘောလုံးပြိုင်ပွဲများ ပူးပေါင်းကျင်းပရေး တွေ့ဆုံဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၄**

FIFA Football for Schools အစီအစဉ်နှင့် ကျောင်းဘောလုံးပြိုင်ပွဲများအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သည့် လူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်က နိုဗိုတယ် ရန်ကုန်မက်စ်ဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်စောဦးနှင့် ဦးထိပ်ခွန်နောင်မြင့်ဝေ၊ အလုပ်အမှုဆောင် ဦးဝင်းသော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က နိုင်ငံတော်အနေဖြင့် ဘောလုံးအားကစား အောင်မြင်တိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် ဘောလုံးဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အစဉ်တစိုက် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားလူငယ်များ ကာယဉာဏ တိုးတက်ကောင်းမွန်ရေးအတွက် ဘောလုံးအားကစားသည်များစွာအထောက်အကူဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က FIFA Football for Schools အစီအစဉ်နှင့် ကျောင်းများတွင် ဘောလုံးအားကစား ပိုမိုပြုလုပ်နိုင်ရေးဆိုင်ရာများကို လည်းကောင်း၊ MFF ဥက္ကဋ္ဌက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ FIFA Football for Schools အစီအစဉ်အရ ပညာရေးဝန်ကြီးဌာနမှ နည်းပြဆရာ ဆရာမများအတွက် MFF မှ D License သင်တန်းနှင့် FIFA Application မှတစ်ဆင့် သင်ယူပို့ချရေး၊ ကျောင်းများအတွက် ဖီဖာမှ ဘောလုံးပံ့ပိုးမှုများ၊ ကျောင်းများတွင် ဘောလုံးအားကစား ကျယ်ပြန့်စွာ ဆောင်ရွက်ပြီး ထူးချွန်သူများ၊ ပါရမီရှင်များကို Regional Training Centre များ၊ အကယ်ဒမီများ၊ လူငယ်ပြိုင်ပွဲများမှတစ်ဆင့် သက်တမ်းအလိုက် မြန်မာ့လက်ရွေးစင်အဖြစ် အာဆီယံ၊ အာရှပြိုင်ပွဲများ ယှဉ်ပြိုင်၍ ဖီဖာ ယူ-၁၇ ကမ္ဘာ့ဖလားအထိ ရောက်ရှိရေးဆိုင်ရာများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဝန်ကြီးဌာနအနေဖြင့် လူငယ်ပြိုင်ပွဲများတွင် ပူးပေါင်းပါဝင်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကိုလည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က လူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို လည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက အထွေထွေဆွေးနွေးမှုများ ပြုလုပ်ကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းနှင့်ဓာတ်ပုံ-ကိုညီ**

# သစ်တောထိန်းသိမ်းရေး၊တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး ရပ်စောက်၌ ပညာပေး

**ရပ်စောက် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ သစ်တောကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက်က အခြေခံပညာအထက်တန်းကျောင်းခွဲ နောင်ခမ်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးပြည့်ဖြိုးမောင်က သစ်တောထိန်းသိမ်းကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဖြိုးမင်းက မီးဘေးအန္တရာယ်ကာကွယ်ခြင်း အကြောင်းအရာများနှင့် လက်တွေ့သရုပ်ပြခြင်းများကိုလည်းကောင်း ဟောပြောဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ၂၀၂၄ ခုနှစ် မိုးရာသီတွင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ စိုက်ပျိုးထားသည့် အပင်များမှ ရှင်သန်မှုအကောင်းဆုံးအပင်များကို သစ်မျိုးအလိုက် ဆုများပေးအပ်ခြင်း၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာသင်ကျောင်းရန်ပုံငွေများ လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ အဆိုပါ ဟောပြောပွဲသို့ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဟိုင်းကြီးကျွန်းမြို့၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ကျုံကူးကျေးရွာ၌ ဆောင်ရွက်သည်။



ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟိုင်းကြီးကျွန်းမြို့ ရှေ့တန်းရုံးတာဝန်ခံ ဦးသန့်ဇင်ထွန်းက ကျုံကူးကျေးရွာရှိ ဒေသခံပြည်သူ ၇၂ဦးအားနိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးပြီး အရွယ်ရောက်ပြီးသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်နိုင်ရေး ရပ်ကွက်၊ ကျေးရွာများသို့အရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဟိုင်းကြီးကျွန်း (ပြန်/ဆက်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**

# “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ခြင်းမှ အစတည် “ရွှေ၊ ဖွံ့၊ သာ စေမည် တို့တိုင်းပြည်”

ဇော်မင်းထွန်း(ရေနံချောင်း)၊ မန္တလာကိုကိုဝင်း

**“ကွန်ပျူတာနှင့်နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ရှစ်ခုကို ဖွင့်လှစ်ထားပြီး ဖြစ်သည်။ မြန်မာနိုင်ငံ၏ မြို့တော်နေပြည်တော်တွင် Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၉ ရက်က တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ယခုအခါ သုံးနှစ်ပြည့်မြောက်ပြီဖြစ်၍ စဉ်းစားတွေးခေါ် ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များကို သင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှ၏ အဓိကအုတ်မြစ်ဖြစ်”**

နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု သို့မဟုတ် လူမှုရေးအသင်းအဖွဲ့တစ်ခုအတွက် ဆောင်ပုဒ်ဆိုသည်မှာ မရှိမဖြစ်လိုအပ်သော လမ်းညွှန်ကြယ်ပွင့်နှင့်တူပါသည်။ ယင်းသည် ထိုအဖွဲ့အစည်း၏ ရည်မှန်းချက်၊ စံတန်ဖိုးနှင့် ခံယူချက်များကို စုစည်းဖော်ပြထားသည့် စကားလုံးအနည်းငယ်မျှသာဖြစ်သော်လည်း လက်တွေ့ကျပြီး လူအများ၏ အသိဉာဏ်ထဲသို့ စွဲမြဲစွာ သယ်ဆောင်သွားနိုင်စွမ်းရှိသည်။ ထိုဆောင်ပုဒ်များသည် အတွေးအခေါ်သက်သက်မျှမဟုတ်ဘဲ လုပ်ငန်းဆောင်တာများအတွက် ခိုင်မာသောလမ်းညွှန်ချက်နှင့် စိတ်ဓာတ်ခွန်အားများကိုလည်းဖြစ်စေသည်။ ထိုရောက်သော ဆောင်ပုဒ်တစ်ရပ်သည် အဖွဲ့ဝင်တိုင်းအား တစ်သားတည်းသောအမြင်ဖြင့် ရည်မှန်းချက်ဆီသို့ စည်းလုံးညီညွတ်စွာ ဦးတည်စေပြီး အဖွဲ့အစည်း၏ ပုံရိပ်ကို လူထုကြားတွင် ခိုင်မာစွာတည်ဆောက်ပေးနိုင်စွမ်းရှိပါသည်။

### လေ့လာ၊ လေ့ကျင့်၊ လိုက်နာ

မြန်မာ့တပ်မတော်တွင်လည်း “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသော ဆောင်ပုဒ်သည် နိုင်ငံတော်အကြီးအကဲဖြစ်သူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ၂၀၁၆ ခုနှစ်၌ စတင်ချမှတ်ခဲ့ပြီး တပ်မတော်တစ်ရပ်လုံးကို လက်တွေ့ဆောင်ရွက်စေခဲ့သည့်ဆောင်ပုဒ်ဖြစ်သည်။ **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ** ဟူသော ဆောင်ပုဒ်၏အဓိပ္ပာယ်မှာ ကျယ်ပြန့်သလို လက်တွေ့ကျသောဆောင်ပုဒ်လည်းဖြစ်သည်။ ဆောင်ပုဒ်၏လုပ်ငန်းစဉ်မှာ ယခုခေတ်ကာလ အခြေအနေ အချိန်အခါနှင့်အညီ ပြောင်းလဲတိုးတက်နေသော စစ်နည်းဗျူဟာနှင့် လက်နက်နည်းစနစ်များကို စဉ်ဆက်မပြတ် **လေ့လာ**ရမည်။ တိုးတက်ပြောင်းလဲလာနေသော စစ်လက်နက်ပစ္စည်း၊ နည်းပညာများနှင့် ကျွမ်းကျင်မှုရှိလာစေရန် အမြဲတမ်း **လေ့ကျင့်**နေရမည်။ ယခုကဲ့သို့ လေ့လာ၊ လေ့ကျင့်ခဲ့သည်များကို လက်တွေ့နယ်ပယ်တွင် မိမိ၏ဆင်ခြင်သုံးသပ်မှုနှင့် စစ်ပညာ၊ စစ်ဥပဒေသ၊ သိပ္ပံပညာရပ်များနှင့်အတူ **လိုက်နာ** ကျင့်သုံး အကောင်အထည်ဖော်သွားရမည်ဟူ၍ ဖြစ်သည်။

တပ်မတော်အတွက် ထိရောက်ကောင်းမွန်သော ထိုဆောင်ပုဒ်ကို လိုက်နာကျင့်သုံးကာ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍနှင့် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်နိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် မည်သည့်တာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် တိကျစေ့စပ်သေချာ ထိရောက်သည့် ဆောင်ပုဒ်များ၊ ရည်မှန်းချက်များ ချမှတ်ပြီးအောင်မြင်အောင် ဆောင်ရွက်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်က နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ယူခဲ့ရသည်။

ထိုကာလအတွင်း မဲမသမာမှုကျူးလွန်ခဲ့၍ ပါတီနှင့် အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်ကို ထင်သလို ခြယ်လှယ်ခွင့်မရသည့်အခါ အစိုးရအနေဖြင့် အုပ်ချုပ်၍မရအောင် နည်းလမ်းမျိုးစုံသုံးခဲ့သည်။ အကြမ်းဖက်မှုမျိုးစုံကို လုပ်ဆောင်ခဲ့ကြသည်။ တပ်မတော်ကသာ ကျစ်လျစ်ခိုင်မာမှုမရှိခဲ့လျှင် ထိုအကြမ်းဖက်မှုများကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ဆုံးရှုံးသွားနိုင်သည်။ သို့သော် လေ့လာ၊ လေ့ကျင့်၊ လိုက်နာမှုအားကောင်းခဲ့သော တပ်မတော်သည် ထိုအခြေအနေဆိုးများကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ခြင်းဖြစ်သည်။

### ရည်မှန်းချက်များ

တပ်မတော်အနေဖြင့် နိုင်ငံတော်ဦးဆောင်မှုပြုရသည့်အခါ စည်းကမ်းစနစ်ကျနစွာ ရည်မှန်းချက်များချမှတ်ကာ နိုင်ငံတော်ကို ဘက်စုံထောင့်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းရာတွင် တပ်မတော်သားနှင့် အရပ်ဘက်ကိုယ်စားလှယ်များ အချိုးညီ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။ တပ်မတော်၏ သမိုင်းတွင် နိုင်ငံတော်ကိုဦးဆောင်မှုပြုသည့်အခါတိုင်း အရပ်ဘက် စစ်ဘက် မျှတစွာ ပါဝင်စေခဲ့သည်။

ရှေ့ဆက်သွားရမည့်ခရီးအတွက် ရည်မှန်းချက်များကိုလည်း ချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံရေး ရည်မှန်းချက်အဖြစ် **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး”** တို့ကို ချမှတ်ထားသည်။ ထို့အတူ အမျိုးသားရေး ရည်မှန်းချက်အဖြစ် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး”** တို့ကို ချမှတ်ထားသည်။

### နိုင်ငံရေးရည်မှန်းချက်

စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖော်ဆောင်ရန်အတွက် ရွေးကောက်ပွဲသည် အရေးကြီးပါသည်။ ပြည်သူလူထု၏ဆန္ဒအမှန်ကို ရွေးကောက်ပွဲများကသာ ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ထို့အတွက်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုင်ငံရေးပါတီပေါင်း ၅၇ ပါတီနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၉၁ ဦး အပါအဝင် စုစုပေါင်း ကိုယ်စားလှယ်လောင်း ၄၉၃၀ ကျော်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။ ယခုကျင်းပသော ရွေးကောက်ပွဲတွင် တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်ထဲတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်စေရန် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP–Mixed Member Proportion System) ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ ဆောင်ရွက်ပုံအတိုင်း ပုံတူကူးချခြင်းမျိုးမပြုဘဲ မြန်မာနိုင်ငံ၏ သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်ကိုက်ညီသော ဒီမိုကရေစီစနစ်ကို မြန်မာနည်း၊ မြန်မာ့ဟန်ဖြင့် မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူပြည်သားများက ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### အမျိုးသားရေးရည်မှန်းချက်

တိုင်းပြည်သာယာဝပြောရေးအတွက် အဓိကလိုအပ်သည်မှာ တိုင်းပြည်ငြိမ်းချမ်းမှုရှိရန်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးခိုင်မာတည်တံ့နေမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်လျက်ရှိသည်။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ယနေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက် ၂၇ ကြိမ် ထုတ်ပြန်ပေးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များဖြင့် ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ **NCA** တွင် လက်မှတ်ရေးထိုးထားသော အဖွဲ့ ၇ ဖွဲ့နှင့် လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့ ၃ ဖွဲ့တို့နှင့် ဆွေးနွေးနိုင်ခဲ့သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီကလည်း **NCA** လက်မှတ်ရေးထိုးထားသော **EAO** များနှင့် ၉၁ ကြိမ်၊ **NCA** လက်မှတ်မရေးထိုးထားသော **EAO** များနှင့် ၂၅ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၂၂ ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ၁၃ ကြိမ် ဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင်လည်း နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း ခေါင်းစဉ်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ပေးထားသည်။ ထို့အပြင် ၂၀၂၅ ခုနှစ်တွင် ငြိမ်းချမ်းရေးစကားဝိုင်း **(Peace Talk)** တစ်ကြိမ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ **(Peace Forum)** တစ်ကြိမ်တို့ကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့သည်။

**စားရေရိက္ခာဖူလုံရေးအတွက်** တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိသည်။ ထို့အပြင် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကိုလည်း ဆောင်ရွက်နေသည်။

စားရေရိက္ခာတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၁ ခုနှစ်မှ ယနေ့အထိ စိုက်ဧကများတိုးချဲ့ခြင်း၊ စိုက်ပျိုးသီးနှံများကို ရာသီမပြတ်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးမြေနှင့် သီးနှံစိုက်ဧရိယာ တိုးတက်လာမှုအခြေအနေကို လေ့လာကြည့်ရာ ၂၀၂၀–၂၀၂၁ ခုနှစ်တွင် စိုက်ပျိုးမြေဧရိယာ (ဧက) ၃၀၈၆၉၀၃၇ နှင့် သီးနှံစိုက်ဧရိယာ (ဧက) ၄၈၃၂၂၆၂၇ ရှိခဲ့ရာမှ ၂၀၂၄–၂၀၂၅ခုနှစ်တွင် စိုက်ပျိုးမြေဧရိယာ (ဧက) ၃၀၉၆၈၉၆၃ နှင့် သီးနှံစိုက်ဧရိယာ (ဧက) ၅၂၀၂၉၅၄၈ အထိ တိုးတက်လာခဲ့သည်။

မွေးမြူရေးဇုန်များနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဖော်ထုတ်ဆောင်ရွက်ထားရှိမှုအနေဖြင့် ကရင်ပြည်နယ်တွင် မွေးမြူရေးဇုန်နှစ်ခု၊ မကွေးတိုင်းဒေသကြီးတွင် မွေးမြူရေးဇုန်နှစ်ခု၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မွေးမြူရေးဇုန် တစ်ခုစီနှင့် ရှမ်းပြည်နယ်တွင် မွေးမြူရေးဇုန်သုံးခု ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၁–၂၀၂၂ ခုနှစ်တွင် ပြည်ပသို့ ငါးတင်ပို့မှုအနေဖြင့် ၂၄၃၅၂၉.၆၅၆ မက်ထရစ်တန်၊ ပုစွန်တင်ပို့မှု ၇၅၇၂.၉၉၂ မက်ထရစ်တန်နှင့် အခြားရေထွက်ပစ္စည်းတင်ပို့မှု ၈၄၉၆၅.၈၇၃ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ရာမှ ၂၀၂၄–၂၀၂၅ ခုနှစ်တွင် ငါးတင်ပို့မှု ၃၉၃၁၇၄.၅၄၅ မက်ထရစ်တန်၊ ပုစွန်တင်ပို့မှု ၉၁၄၆.၆၁၅ နှင့် အခြားရေထွက်ပစ္စည်းတင်ပို့မှုမှာ ၁၅၁၅၇၂.၀၆၆ မက်ထရစ်တန် အထိ တိုးမြှင့်တင်ပို့နိုင်ခဲ့ပါသည်။

စိုက်ပျိုးသီးနှံများ ပိုမိုတိုးတက်ထွက်ရှိမှုနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ

*စာမျက်နှာ ၇ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၃၃

ရက်

သာ လိုတော့သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

*စာမျက်နှာ ၆ မှ*

အခြားရေထွက်ပစ္စည်းတင်ပို့မှု ၈၄၉၆၅.၈၇၃ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ရာမှ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ငါးတင်ပို့မှု ၃၉၃၁၇၄.၅၄၅ မက်ထရစ်တန်၊ ပုစွန်တင်ပို့မှု ၉၁၄၆.၆၁၅ နှင့် အခြားရေထွက်ပစ္စည်းတင်ပို့မှုမှာ ၁၅၁၅၇၂.၀၆၆ မက်ထရစ်တန်အထိ တိုးမြှင့်တင်ပို့နိုင်ခဲ့ပါသည်။

စိုက်ပျိုးသီးနှံများ ပိုမိုတိုးတက်ထွက်ရှိမှုနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ တိုးတက်လာသည့်စိုက်ဧကများကို အောက်ပါဇယားအတိုင်း မြင်တွေ့နိုင်သည်-

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန**
**၂၀၂၁ ခုနှစ် မှ ၂၀၂၅ ခုနှစ်အထိ အဓိကသီးနှံများတိုးတက်စိုက်ပျိုးနိုင်မှုအခြေအနေ**

| စဉ် | သီးနှံအမည် | ၂၀၂၀-၂၀၂၁ခုနှစ် စိုက်ဧက | ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ဧက | တိုးတက်စိုက်ဧက |
|---|---|---|---|---|
| ၁ | စပါး | ၁၇,၂၀၂,၉၄၁ | ၁၇,၄၅၄,၀၉၈ | ၂၅၁,၁၅၇ |
| ၂ | အစေ့ထုတ်ပြောင်း | ၁,၃၇၅,၂၂၉ | ၁,၅၅၁,၄၆၇ | ၁၇၆,၂၃၈ |
| ၃ | မတ်ပဲ | ၂,၃၁၈,၂၁၁ | ၂,၆၀၃,၇၅၅ | ၂၈၅,၅၄၄ |
| ၄ | ပဲတီစိမ်း | ၂,၈၄၉,၉၆၇ | ၃,၂၃၇,၈၀၆ | ၃၈၇,၈၃၉ |
| ၅ | ပဲစင်းငုံ | ၁,၀၆၇,၂၀၉ | ၁,၁၄၁,၅၉၉ | ၇၄,၃၉၀ |
| ၆ | မြေပဲ | ၂,၈၁၈,၇၈၃ | ၃,၂၆၇,၅၃၇ | ၄၄၈,၇၅၄ |
| ၇ | နှမ်း | ၃,၇၉၉,၉၄၈ | ၃,၈၀၂,၂၇၉ | ၂,၃၃၁ |
| ၈ | နေကြာ | ၅၉၂,၂၀၆ | ၁,၀၇၀,၆၁၅ | ၄၇၈,၄၀၉ |
| ၉ | ဝါ | ၃၈၉,၉၇၀ | ၅၄၅,၃၆၁ | ၁၅၅,၃၉၁ |
| ၁၀ | ကြံ | ၇၄၁,၉၅၈ | ၇၆၆,၄၉၂ | ၂၄,၅၃၄ |
| ၁၁ | ကြက်သွန်ဖြူ | ၆၉,၅၄၁ | ၇၆,၀၇၈ | ၆,၅၃၇ |
| ၁၂ | ကြက်သွန်နီ | ၁၈၇,၃၈၅ | ၁၉၇,၂၁၃ | ၉,၈၂၈ |
| ၁၃ | အာလူး | ၇၄,၅၉၀ | ၆၇,၈၉၇ | -၆,၆၉၃ |
| ၁၄ | သရက် | ၂၆၅,၈၀၃ | ၂၇၂,၈၁၅ | ၇,၀၁၂ |
| ၁၅ | ဒူးရင်း | ၂၄,၀၅၉ | ၂၄,၀၄၄ | -၁၅ |
| ၁၆ | စပျစ် | ၄,၄၆၂ | ၄,၄၇၄ | ၁၂ |
| ၁၇ | ကော်ဖီ | ၅၀,၂၄၈ | ၆၃,၂၂၆ | ၁၂,၉၇၈ |
| | သီးနှံ(၆၁)မျိုး ပြည်ထောင်စုချုပ် | ၄၈,၃၂၂,၆၂၇ | ၅၂,၁၃၆,၆၄၂ | ၃,၈၁၄,၀၁၅ |

စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်ခဲ့သည့်အတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းအားဖြင့် အမျိုးသားရေးရည်မှန်းချက်ကို အောင်မြင်စွာ ဆောင်ရွက်ခဲ့နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

**စဉ်ဆက်မပြတ်**
**ဆောင်ရွက်ရမည့်ဆောင်ပုဒ် သုံးခု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်ပြီးနောက် ဖွဲ့စည်းခဲ့သော နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်လက်ထက်တွင်လည်း နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင်က **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့”**၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”**၊ **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့”** ဟူသော ဆောင်ပုဒ်သုံးခု ချမှတ်ပေးခဲ့သည်။ **“ရွှေ၊ ဖွံ့၊ သာ”** ဟု အတိုကောက်မှတ်ယူနိုင်ပါသည်။

စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ ကျန်ရှိသည့် ကာကွယ်ရေးမောင်းနှင်အားကဏ္ဍနှင့် နိုင်ငံရေးမောင်းနှင်အားကဏ္ဍ အဆင်ပြေမည်ဖြစ်သည်။ စီးပွားရေးအင်အားတောင့်တင်းနေစေရန်အတွက် မိမိနိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အောင်မြင်စွာဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်။ ထိုမှတစ်ဆင့် Agro-based Industry ဖြစ်မြောက်အောင်လည်းဆောင်ရွက်ကြရမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးအပါအဝင် ဒေသထွက်ကုန်ကြမ်းများကို အသုံးပြုကာ MSME လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန် နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံမှ ပံ့ပိုးပေးလျက်ရှိပါသည်။ အရည်အသွေးမြင့် ပြည်တွင်းထွက်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အခွင့်အလမ်းများကိုလည်း အစိုးရက ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့”** ဟူသောဆောင်ပုဒ်ကို ပထမဆုံးဆောင်ပုဒ်အဖြစ် သတ်မှတ်ပေးထားသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ပညာတတ်လူသားအရင်းအမြစ်ပေါများနေရမည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်လာလျှင် ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးသည်။ အခြေခံပညာ အလယ်တန်းအောင်မြင်သည်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှု စသည့် အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်ရေးလမ်းကြောင်းကို သင်ယူခွင့်ရရှိအောင် စီမံပေးထားသည်။ ခရိုင် ၈၈ ခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုအထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ ထိုမှတစ်ဆင့် သက်ဆိုင်ရာဘွဲ့အသီးသီးရရှိစေရန် ဆက်လက်ကြိုးစားကြရမည်ဖြစ်သည်။ ယခင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို နေပြည်တော်ရေဆင်းတွင်သာရှိခဲ့သည်။ ယခုအခါ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်တစ်ခုကို ထပ်မံဖွင့်လှစ်နေပြီဖြစ်သည်။

ထို့အတူ ကွန်ပျူတာနှင့် နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ရှစ်ခုကို ဖွင့်လှစ်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၉ ရက်က တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ယခုအခါ သုံးနှစ်ပြည့်မြောက်ပြီဖြစ်၍ စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များကို သင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှ၏ အဓိကအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** ဟူသော ဒုတိယဆောင်ပုဒ်ကို ချမှတ်ခြင်းဖြစ်သည်။

လူတိုင်းသည် ခိုင်မာလုပသောခြံစည်းရိုးနှင့် အိမ်ကြီးအိမ်ကောင်းတွင် နေထိုင်လိုကြသည်။ ထို့အတူ ပတ်ဝန်းကျင်သန့်ရှင်းကောင်းမွန်ခြင်းကို နှစ်သက်သည်။ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများရှိ အဆောက်အအုံများနှင့် လမ်းများကို မြင်တွေ့ရသည်မှာ မြင်ကွင်းကောင်းလှသည်။ ကားလမ်းများ၊ ရထားလမ်းများ၏ သဘာဝပတ်ဝန်းကျင်မှာလည်း သာယာငေးမောဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နေပြည်တော်မြို့တော်ကဲ့သို့ အခြားသောမြို့များတွင်လည်း သဘာဝပတ်ဝန်းကျင် သာယာလှပစေချင်သည်။ သစ်ပင်များစိုက်ပျိုးခြင်း၊ အမှိုက်များစနစ်တကျ စွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေမည့် အခိုးအငွေ့များကင်းစင်ခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်အောင် ထိန်းသိမ်းခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်စွာ ထိန်းသိမ်းခြင်းအားဖြင့် လေကောင်းလေသန့်ရရှိပြီး ကျန်းမာရေးကို ကောင်းမွန်စေသည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သယံဇာတများကို တရားလွန်ထုတ်ယူသုံးစွဲခြင်းသည် သဘာဝပတ်ဝန်းကျင် ပျက်စီးနိုင်သဖြင့် အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည်။ ထို့ကြောင့် **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့”** ဟူသော တတိယဆောင်ပုဒ်ကို ချမှတ်ခြင်းဖြစ်သည်။

ဤဆောင်ပုဒ်သုံးခုမှာ နိုင်ငံတော်တွင် မည်သည့်အစိုးရ တာဝန်ယူသည်ဖြစ်စေ မလွဲမသွေ ဆောင်ရွက်ရမည့် ရည်မှန်းချက်များလည်းဖြစ်သည်။

တပ်မတော်သည် အဓိကတာဝန်ကြီးသုံးခုဖြစ်သော ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တို့ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသော ဆောင်ပုဒ်နှင့်အညီ ကျင့်ကြံနေထိုင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ အခြေခံကောင်းများရှိခြင်းကြောင့် နိုင်ငံတော်တာဝန်ကို ဦးဆောင်ရသည့်အခါတွင်လည်း နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သော၊ အချိန်အခါမရွေး လိုအပ်သော ရည်မှန်းချက်များ၊ ဆောင်ပုဒ်များ ချမှတ်ကာ အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။ စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊ လေ့ကျင့်သားပြည့်ဝမှု၊ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက် ပြီးမြောက်အောင် ဆောင်ရွက်မှုတို့ကြောင့်ဖြစ်သည်။

ထိုအောင်မြင်မှုများမှာ မျက်စိဖြင့် မြင်နိုင်သောအရာများဖြစ်သည်။ အမှန်ကိုအမှန်အတိုင်း မြင်အောင်ကြည့်တတ်ကြရမည်ဖြစ်သည်။ အခက်အခဲမျိုးစုံကို ရင်ဆိုင်ကျော်လွှားကာ နိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်၏ ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများကို ထင်ရှားစွာမြင်တွေ့နေရသည့်အတွက် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ခြင်းမှအစတည် “ရွှေ၊ ဖွံ့၊ သာစေမည် တို့ တိုင်းပြည်”**သို့ ရောက်ရှိအောင် ပို့ဆောင်ပေးလျက်ရှိသည်ကို ဂုဏ်ပြုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း(၃) နယ်မြေရှိ အဆောက်အအုံများ



လူနေအဆောက်အအုံ လေးထပ် C 7 အား မြင်တွေ့ရစဉ်။



လူနေအဆောက်အအုံ လေးထပ် C 7 အား ဖောက်ခွဲရန် ယမ်း ၁၅၁ ကီလိုဂရမ်တပ်ဆင်နေစဉ်။



လူနေအဆောက်အအုံ လေးထပ် C 12 အား စနစ်တကျ ဖောက်ခွဲဖျက်ဆီးပြီး မြင်တွေ့ရစဉ်။



လူနေအဆောက်အအုံ ငါးထပ် C 18 အား မြင်တွေ့ရစဉ်။



လူနေအဆောက်အအုံ ငါးထပ် C 18 အား ဖောက်ခွဲဖျက်ဆီးရန် ယမ်း ၁၆၀ ကီလိုဂရမ်တပ်ဆင်နေစဉ်။



လူနေအဆောက်အအုံ ငါးထပ်တိုက် အမှတ် C 18 အား စနစ်တကျ ဖောက်ခွဲဖျက်ဆီးပြီး မြင်တွေ့ရစဉ်။



လူနေအဆောက်အအုံ ငါးထပ် C 13 အား မြင်တွေ့ရစဉ်။



လူနေအဆောက်အအုံ ငါးထပ် C 13 အား ဖောက်ခွဲဖျက်ဆီးရန် ယမ်း ၁၆၀ ကီလိုဂရမ်တပ်ဆင်နေစဉ်။



လူနေအဆောက်အအုံ ငါးထပ်တိုက် အမှတ် C 13 အား စနစ်တကျ ဖောက်ခွဲဖျက်ဆီးပြီး မြင်တွေ့ရစဉ်။



ယန္တရားဖြင့် ဖြိုဖျက်မည့် သုံးထပ်လူနေအဆောက်အအုံများအား မြင်တွေ့ရစဉ်။



KK Park အတွင်း ယန္တရားဖြင့် ဖြိုဖျက်မည့် သုံးထပ်လူနေအဆောက်အအုံများ ဖြိုချဖျက်ဆီးနေစဉ်။



K K Park အတွင်း ယန္တရားဖြင့်ဖြိုဖျက်မည့် သုံးထပ်/နှစ်ထပ် လူနေအဆောက်အအုံများ ဖြိုချဖျက်ဆီးပြီး မြင်တွေ့ရစဉ်။

■ *ကျော့ဖုံးမှ*

ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို အပိုင်း(၃) ပိုင်းခွဲ၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အပိုင်း (၁) နယ်မြေအတွင်းရှိ အဆောက်အအုံ ၁၄၈ လုံးကို အားလုံးဖြိုချဖျက်ဆီးပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။ ထို့နောက် အပိုင်း (၃) နယ်မြေအတွင်းရှိ အဆောက်အအုံများကို နိုဝင်ဘာ ၁၇ ရက်မှ စတင်၍ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် တရားမဝင် အဆောက်အအုံ ၁၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း (၃)နယ်မြေအတွင်းရှိအဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ အလုံး ၈၀ ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၂၈ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ ၇ရက်မြောက်နေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ ၁၇ ထပ်အဆောက်အအုံတစ်လုံး၊ ခုနစ်ထပ်အဆောက်အအုံ လေးလုံး၊ ၁၃ ထပ်အဆောက်အအုံ တစ်လုံးနှင့် ခြောက်ထပ်အဆောက်အအုံ လေးလုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ starlink ဗန်းတစ်လုံး၊ Router တစ်လုံးနှင့် ကွန်ပျူတာ မျိုးစုံ ၂၀၅ လုံးတို့ကို စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်း နေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၈၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသားနှစ်ဦး၊ အိန္ဒိယနိုင်ငံသားနှစ်ဦး၊ ပါကစ္စတန်နိုင်ငံသားတစ်ဦးနှင့် တရုတ်(တိုင်ပေ)မှ နှစ်ဦး စုစုပေါင်း ၁၀၁ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၈၄၇ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၀၉၈ လုံး၊ မိုဘိုင်းဖုန်း ၂၁၇၅၀၊ starlink ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ် ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

*စာမျက်နှာ ၉ သို့*

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်နိုင်ငံခြားသားများ ဖမ်းဆီးစစ်ဆေးမှုမှတ်တမ်း(၂၄.၁၁.၂၀၂၅)




တရားမဝင် နိုင်ငံခြားသားများထားရှိသည့် ခုနစ်ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိသည့် ၁၃ ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိသည့် ၁၇ ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိသည့် ခုနစ်ထပ်တိုက် KTV အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။




ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်နိုင်ငံခြားသား ၁၀၁ ဦးအား ဖမ်းဆီးရရှိမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၈ မှ*

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၂၀၀ ကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၆၈၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၃၄၃ ဦးကို ပြည်နှင်နိုင်ရေး စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၀၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန် တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ထားဝယ်ခရိုင်ပြည်သူ့စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း



**ထားဝယ် နိုဝင်ဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT က စာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာ ဦးဇော်နိုင်လင်းက စာဆိုတော်နေ့၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT ရုံးများတွင် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် MPT ဝန်ထမ်းများ စုပေါင်း၍ စာအုပ်များ စုပေါင်းလှူဒါန်းပွဲ ကျင်းပလျက် ရှိကြောင်း၊ အများပြည်သူများအကြားတွင် စာပေဖတ်ရှုခြင်း အလေ့အထများ တိုးတက်လာစေရန်၊ လူငယ်များအကြားတွင် စာဖတ်ရှိန်မြှင့်တင်နိုင်စေရန်၊ စာအုပ်စာပေများ အတူတကွ စုပေါင်းလှူဒါန်းခြင်းမှ တစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု ဓလေ့များ တိုးတက်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မန်နေဂျာ ဦးဇော်နိုင်လင်းက ထားဝယ်ခရိုင် ပြည်သူ့စာကြည့်တိုက်အတွက် စာအုပ် ၂၃၇ အုပ်အား ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# ပညာရေးကိုဗဟိုပြုသော ဖွံ့ဖြိုးရေးမူဝါဒများဖြင့် အနာဂတ်နိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်

▲ ဒေါက်တာပေါင်ရှင့်ကမ်း ▲

**❐ ပညာရေးဆိုသည်မှာ စာဖတ်ခြင်း၊ ရေးသားခြင်း၊ ဂဏန်းတွက်ခြင်းမျှသာမက ဘဝတစ်သက်တာ သင်ယူလေ့လာမှု၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ အကြောင်းအရာများကို ဝေဖန်ပိုင်းခြားစဉ်းစားတတ်သော စွမ်းရည်များကိုပါ ပိုင်ဆိုင်စေရန် ပုံဖော်ပေးခြင်းဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံများသည် ၎င်းတို့၏ ပညာရေးစနစ်ကို ရင်းနှီးမြှုပ်နှံခြင်းဖြင့် နိုင်ငံသားတိုင်း၏ ဉာဏ်ပညာစွမ်းအားကို အများဆုံး ဖော်ထုတ်နိုင်ခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလမ်းစသည် ပညာရေးမြှင့်တင်မှုသာ ဖြစ်သည်မှာ မလွဲကေန် အမှန်စင်စစ်သာဖြစ်**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံ၏ စီးပွားရေး၊ နည်းပညာ၊ လူမှုရေးအဆင့်အတန်း အစရှိသည့် အချက်များဖြင့် ရှုမြင်သုံးသပ်နိုင်ပါသည်။ အဆိုပါအချက်များသည် သမိုင်းအစဉ်အလာတစ်လျှောက် စီမံခန့်ခွဲမှုအချုပ်အခြာ၊ စီးပွားရေး၊ လူမှုရေး၊ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရရှိနိုင်ရန် နိုင်ငံအတွင်း နေထိုင်လျက်ရှိသော လူမျိုးပေါင်းစုံ၊ လူတစ်ဦးချင်းစီနှင့် လူမှုအဖွဲ့အစည်းများ၏ တွေးခေါ်မြော်မြင်မှု၊ ရှုမြင်သုံးသပ်မှု၊ လုပ်ကိုင်ဆောင်ရွက်မှုအပေါ် များစွာမူတည်ပါသည်။

ထိုတွေးခေါ်ရှုမြင်သုံးသပ်လုပ်ကိုင်ဆောင်ရွက်မှုတို့သည် နေထိုင်ဆင်းသက်လာသော လူမျိုးများ၏ယဉ်ကျေးမှု၊ ဘာသာရေးထုံးတမ်းစဉ်လာများအရ တစ်စိတ်တစ်ဒေသ မူတည်ကွဲပြားနိုင်သော်လည်း အခြေခံအုတ်မြစ်မှာ ပညာရေးစနစ်နှင့် လူ့ဘောင်အဖွဲ့အစည်းအတွင်း တွေးခေါ်မြော်မြင်မှု အားကောင်းသော ပညာတတ်များ မွေးမြူထုထောင်ခြင်းပင်ဖြစ်သည်။ ကမ္ဘာ့သမိုင်းတစ်လျှောက် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံများအားလုံး၏ အောင်မြင်တိုးတက်မှုများကို သေချာစွာ ဆန်းစစ်ကြည့်လျှင် ခိုင်မာသော ပညာရေးစနစ်ရှိသော နိုင်ငံများသာ စီးပွားရေး၊ နည်းပညာ၊ လူမှုရေးစသည့် နယ်ပယ်အသီးသီးတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခဲ့ကြောင်း အထင်အရှားတွေ့မြင်နိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကို ပိုမိုအားပေးကြိုးပမ်းရန် ဦးစားပေးအလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။

### ပညာတတ် နိုင်ငံသားများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီး

ပညာရေးဆိုင်ရာ ထိုးထွင်းသိမြင်မှုသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံနှင့် လူသားအရင်းအမြစ်ကိုမွေးထုတ်ပေးသော ပင်မချက်ကြွေပင် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှသည် နည်းပညာအသစ်များ တီထွင်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအထိ၊ လူမှုရေးပြဿနာများ ဖြေရှင်းရေးမှသည် ဒီမိုကရေစီစနစ် ခိုင်မာစေရေးအထိ နယ်ပယ်အားလုံးတွင် ပညာတတ်၊ အသိပညာရှိသော တွေးခေါ်မြော်မြင်မှုရှိသော နိုင်ငံသားများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။

အရည်အချင်းပြည့်ဝသော လူငယ်များသည် နိုင်ငံ၏ အနာဂတ်ကို ပြောင်းလဲမြှင့်တင်နိုင်စွမ်း ရှိပါသည်။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝအဆင့်အတန်းကို မြှင့်တင်ပေးရုံသာမက နိုင်ငံတစ်ခုလုံး၏ဖွံ့ဖြိုးမှုအဆင့်ကိုပါအဆုံးအဖြတ်ပေးနိုင်သော သော့ချက်ဖြစ်သည်။ ပညာရေးဆိုသည်မှာ အစိုးရတစ်ရပ်တည်း၏ တာဝန်သာမဟုတ်ဘဲ ပုဂ္ဂလိကကဏ္ဍ၊ ရပ်ရွာအသိုင်းအဝိုင်းများနှင့် မိဘအုပ်ထိန်းသူများသာမက ကာယကံရှင် မျိုးဆက်သစ်များကိုယ်တိုင် ပူးပေါင်းပါဝင်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ထို့အပြင် လူအားလုံးသည်လည်း မွေးဖွားသည်မှ သေဆုံးသည်အထိ ကျောင်းပညာရေး၊ တက္ကသိုလ်ပညာရေး၊ လုပ်ငန်းခွင်ဆိုင်ရာ၊ သိပ္ပံနှင့် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာပညာရပ်များ၊ လူမှုနယ်ပယ်ဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာပညာများကို မိမိနှင့်တကွ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ စဉ်ဆက်မပြတ် လေ့လာသင်ယူ နေထိုင်သွားရမည် ဖြစ်ပါသည်။

ထို့ကြောင့်ပင် ပညာရေးဆိုသည်မှာ စာဖတ်ခြင်း၊ ရေးသားခြင်း၊ ဂဏန်းတွက်ခြင်းမျှသာမက ဘဝတစ်သက်တာ သင်ယူလေ့လာမှု၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ အကြောင်းအရာများကို ဝေဖန်ပိုင်းခြားစဉ်းစားတတ်သော စွမ်းရည်များကိုပါ ပိုင်ဆိုင်စေရန် ပုံဖော်ပေးခြင်းဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံများသည် ၎င်းတို့၏ ပညာရေးစနစ်ကို ရင်းနှီးမြှုပ်နှံခြင်းဖြင့် နိုင်ငံသားတိုင်း၏ ဉာဏ်ပညာစွမ်းအားကို အများဆုံး ဖော်ထုတ်နိုင်ခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလမ်းစသည် ပညာရေးမြှင့်တင်မှုသာ ဖြစ်သည်မှာ မလွဲကေန် အမှန်စင်စစ်သာ ဖြစ်ပါသည်။

ယနေ့ကမ္ဘာသည် ပညာရေးနှင့်ပတ်သက်၍ လေ့လာသင်ယူမှုများကို လွယ်လင့်တကူ ရှာဖွေလေ့လာနိုင်ပြီး လေ့လာသင်ယူမှု အားကောင်းလျှင် အားကောင်းသလောက် ရရှိနိုင်သော နည်းပညာဒစ်ဂျစ်တယ်ခေတ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ထို့အပြင် ဉာဏ်ရည်တု၊ အင်တာနက်အခြေပြုလုပ်ငန်းများ၊ ဒေတာသိပ္ပံစသည့် နယ်ပယ်သစ်များတွင် ကျွမ်းကျင်သူများ လိုအပ်လျက်ရှိပါသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများလည်း ယနေ့ခေတ်တွင် လူသားတိုင်း ရင်ဆိုင်နေရသည်ကို အားလုံး သိမြင်ကြပြီးဖြစ်ပါသည်။

### ဆရာများသည် နိုင်ငံ၏အနာဂတ်ကို ပုံဖော်သူများဖြစ်

တစ်ကိုယ်ရေ အသက်မွေးကျောင်းမှုမှသည် စိုက်ပျိုးရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ကဏ္ဍအလိုက် နေ့စဉ်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ကျွန်ုပ်တို့၏ ပညာရေးစနစ်ကို ခေတ်နှင့်အညီ အဆက်မပြတ် ပြုပြင်ပြောင်းလဲပြီး စဉ်ဆက်မပြတ် သင်ယူမှုပတ်လမ်း (Lifelong Learning) ကို မြှင့်တင်ပေးရပါမည်။ အခြေခံပညာအဆင့်တွင် ကလေးငယ်တိုင်း အရည်အချင်းမပြတ်တက်ရောက်နိုင်ရေး၊ ဆရာ/ဆရာမများ၏ အရည်အသွေး မြင့်မားရေး၊ သင်ရိုးညွှန်းတမ်းများ ခေတ်မီရေးတို့ကို အာရုံစိုက်ရန် လိုအပ်သည်။ ဆရာများသည် နိုင်ငံ၏အနာဂတ်ကို ပုံဖော်သူများဖြစ်သည်ဟု ဆိုရိုးရှိရာ ၎င်းတို့၏ အရည်အသွေးကို မြှင့်တင်ခြင်းသည် ပညာရေးအရည်အသွေး တိုးတက်စေရန်အတွက် အဓိကသော့ချက်တစ်ခုပင် ဖြစ်ပါသည်။

တက္ကသိုလ်ပညာရေးသည် သုတေသနနှင့် ဆန်းသစ်တီထွင်မှုကို ဗဟိုပြုသင့်သည်။ ကျက်မှတ်ခြင်းများထက် ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် ဆန်းသစ်တီထွင်နိုင်စွမ်း ရှိစေရန်၊ လက်တွေ့နှင့်စာတွေ့ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊ တွေးခေါ်မြော်မြင်မှုရှိရန်၊ ထိုးထွင်းသိမြင်မှုရှိရန်တို့ကို ပိုမိုအားပေးသင်ကြားပေးရမည်။ စက်မှုလက်မှုနှင့် သက်မွေးပညာရပ်ဆိုင်ရာ ပညာရေး (TVET) ကိုလည်း အထူးအလေးထားမြှင့်တင်ရန် လိုအပ်သည်။ သို့မှသာ နိုင်ငံတွင်း သက်မွေးပညာ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ ထူထောင်နိုင်ပြီး ဈေးကွက်တွင်လိုအပ်သော ကျွမ်းကျင် လုပ်သားအင်အားကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

ပညာရေးနှင့် စီးပွားရေးကဏ္ဍအကြား ချိတ်ဆက်မှုများ ပိုမိုခိုင်မာစေရန်လိုအပ်ပြီး စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ၊ ပေါင်းစပ်ဆောင်ရွက်နိုင်မည့် သင်ရိုးညွှန်းတမ်းများအပြင် ကြီးမားကျယ်ပြန့်လာသော လူမှုအဖွဲ့အစည်းများအတွက် အခွန်အခ၊ မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်နှင့် လိုက်နာသိရှိနိုင်ရန်အတွက် ဥပဒေပညာရပ်များ၊ နိုင်ငံရေးသိပ္ပံပညာရပ်များကိုလည်း ထည့်သွင်းရေးဆွဲသင့်သည်။ နည်းပညာ ဒစ်ဂျစ်တယ်ခေတ်သို့ ရောက်ရှိလာသည်နှင့်အမျှ မီဒီယာဆိုင်ရာအသုံးပြုမှု၊ သတင်းအချက်အလက်ဆိုင်ရာ စိစစ်သုံးသပ်ရှုမြင်မှုတို့တွင်လည်း အတွေးအခေါ် အသိပညာမြှင့်တင်ပေးရန် လိုအပ်လျက်ရှိရာ ပညာရေးတွင် ထည့်သွင်းရေးဆွဲ ပညာပေးသင့်ပါသည်။

### မိမိနိုင်ငံကို ကမ္ဘာ့ရင်ခွင်တွင် ဂုဏ်တင်နိုင်မည်

သို့မှသာ ကျွန်ုပ်တို့၏ နောင်လာနောက်သားများက ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော အသိပညာ၊ အတတ်ပညာများဖြင့် မိမိကိုယ်ကို မိမိနိုင်ငံကို ကမ္ဘာ့ရင်ခွင်တွင် ဂုဏ်တင်နိုင်မည်ဖြစ်သည်။ ပညာရေးသည် ဆင်းရဲနွမ်းပါးမှုကိုတိုက်ဖျက်ရန်၊ လူတန်းစားကွာဟချက်ကိုလျှော့ချရန်အထိရောက်ဆုံးသော လက်နက်ကြီးတစ်ခုလည်းဖြစ်သည်။ ပညာရေးသည် လူတစ်ဦးချင်းစီအား မိမိ၏ဘဝကို ပြန်လည်ပုံဖော်ခွင့်၊ လူမှုအသိုင်းအဝိုင်းအတွင်း တက်ကြွစွာပါဝင်ခွင့်နှင့် နိုင်ငံဖွံ့ဖြိုးရေးတွင် အကျိုးပြုခွင့်များကို ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ ပညာရေးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း၊ အဖွဲ့အစည်းတိုင်းက မိမိတတ်စွမ်းသလို ဝိုင်းဝန်းကြိုးပမ်းကြပါစို့။

### ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ပညာရေးကို နိုင်ငံတော်၏ ဦးစားပေးကဏ္ဍအဖြစ်သတ်မှတ်

ပညာတတ်သော မျိုးဆက်သစ်လူငယ်များသည် မြန်မာ့အနာဂတ်ကို စီမံခန့်ခွဲမည့် ခေါင်းဆောင်ကောင်းများ၊ နိုင်ငံသားကောင်းများ ဖြစ်လာကြမည်မှာ မလွဲကေန်ပင် ဖြစ်ပေသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် အမြတ်အစွန်း အများဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း သတိရလျက် ပညာရေးကို နိုင်ငံတော်၏ ဦးစားပေးကဏ္ဍအဖြစ်သတ်မှတ်ကာ အားလုံး ညီညွတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် လူဦးရေ၏ ကြီးမားသော အချိုးအစားတစ်ခုမှာ ကျေးလက်နေ လူတန်းစားများဖြစ်ပြီး လယ်ယာကဏ္ဍနှင့် အဓိက အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ပါသည်။ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အပြင် နိုင်ငံ့စားရေရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန်ရရှိရေးတို့အတွက်လည်း ဤကဏ္ဍသည် အလွန်အရေးကြီးပါသည်။ သို့ရာတွင် ရာသီဥတုပြောင်းလဲမှု၊ ဈေးကွက်ယှဉ်ပြိုင်မှု၊ ခေတ်မီနည်းစနစ်များ ချို့တဲ့မှုစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် လယ်ယာကဏ္ဍကို ခေတ်မီစိုက်ပျိုးရေးဆိုင်ရာနည်းပညာများဖြင့် ပေါင်းစပ်ဆောင်ရွက်ရန်နှင့် စီးပွားရေးကဏ္ဍအဖြစ် ပြောင်းလဲတည်ဆောက်နိုင်ရန်အတွက် ပညာရေးသည် သော့ချက်ကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

စိုက်ပျိုးရေးပညာသည် သိပ္ပံနှင့်နည်းပညာကို အခြေခံ၍ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်ရန် လမ်းညွှန်ပေးသော ဘာသာရပ်ဖြစ်သည့်အပြင် နိုင်ငံ၏သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များဖြစ်သော ရေ၊ မြေ၊ ရာသီ၊ ဇီဝသက်ရှိများဖြင့် ပေါင်းစပ်တည်ရှိနေပြီး ယင်းတို့ကို ရေရှည်တည်တံ့ခိုင်မြဲအောင် အသုံးချနိုင်ရန် လိုအပ်လှပါသည်။ သို့ဖြစ်၍ မျိုးကောင်းမျိုးသန့်များ ရွေးချယ်ခြင်း၊ မြေဆီလွှာသိပ္ပံ၊ ရေသွင်းရေထုတ်နည်းစနစ်၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း အစရှိသည်တို့သည် စိုက်ပျိုးရေးပညာ၏ အခြေခံအကြောင်းအရာများဖြစ်ကြသည်။ ဤပညာရပ်များကို လက်တွေ့လယ်ယာမြေတွင် အသုံးချနိုင်မှသာ ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းနှင့် အရည်အသွေးမြင့်မားသော ထုတ်ကုန်များကို ရရှိနိုင်မည် ဖြစ်ပါသည်။ သို့ပါ၍ ခေတ်သစ်စိုက်ပျိုးရေးတွင် နည်းပညာသည် မရှိမဖြစ် လိုအပ်လာပါသည်။

(က) **စက်မှုလယ်ယာ** – တရုတ်၊ ထိုင်းစသည့် နိုင်ငံများတွင် စက်ကိရိယာများဖြင့် လယ်ယာလုပ်ငန်းဆောင်တာများကို အစားထိုးလုပ်ကိုင်လျက်ရှိရာ အချိန်ကုန် သက်သာပြီး လုပ်အားချွေတာနိုင်သည်။

(ခ) **အိုင်တီနည်းပညာ** – မိုးလေဝသအချက်အလက်များ၊ ဈေးကွက်အချက်အလက်များ၊ မြေဆီလွှာအခြေအနေများကို စမတ်ဖုန်းများမှတစ်ဆင့် ချက်ချင်းရယူနိုင်ခြင်းသည် လယ်သမားများ၏ ဆုံးဖြတ်ချက်ချမှတ်မှုကို ပိုမိုမှန်ကန်စေပါသည်။

(ဂ) **ဇီဝနည်းပညာ** – ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းမြင့်မားသော မျိုးစေ့များ မွေးမြူခြင်းသည် စားရေရိက္ခာ ဖူလုံရေးအတွက် အထောက်အကူပြုသည်။

*စာမျက်နှာ ၁၁ သို့*

## ပိုလီတက္ကနစ် တက္ကသိုလ်(ပင်လုံ)၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် သင်တန်းများစတင်ဖွင့်လှစ်



**လွိုင်လင် နိုဝင်ဘာ ၂၄**
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပိုလီတက္ကနစ် တက္ကသိုလ်(ပင်လုံ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အတွက် ယနေ့နံနက်ပိုင်းမှစ၍ ကျောင်းများ စတင်ဖွင့်လှစ်ကာ ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာဌာနများတွင် ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာဘာသာရပ် ဌာနမှူးများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး ပထမနှစ်အတွက် သင်ကြားရမည့်ဘာသာရပ်များ၊ သင်ကြားပို့ချမည့် ဌာနမှူးများနှင့် မိတ်ဆက်ပေးပြီး ကျောင်းစည်းကမ်း၊ အဆောင်နေစည်းကမ်းများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

**လွိုင်လင်မိုး**



## မက်မန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**မက်မန်း နိုဝင်ဘာ ၂၄**
ရှမ်းပြည်နယ် မက်မန်းမြို့နယ်အတွင်း ကျေးရွာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နိုဝင်ဘာ ၂၂ ရက်က မက်မန်းမြို့နယ် ဆွတ်ဝိုးကျေးရွာအုပ်စု ပန်ကောက်ကျေးရွာသို့ ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် အတွင်းရေးမှူး ဦးကျော်မြင့်လှိုင်၊ မက်မန်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ကျေးရွာဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးဟောပြောကြသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အမှိုက်စနစ်တကျ စွန့်ပစ်ရေး၊ ပလတ်စတစ်အန္တရာယ်အသိပညာပေး နံရံကပ်စာစောင် ခတ်ပုံပြပွဲကို ပြသပေးခဲ့ကာ ကျန်းမာရေးဦးစီးဌာနမှ ပန်ကောက်ကျေးရွာပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ **သိန်းသန်း(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**
ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း စုဝေးခန်းမတွင် နိုဝင်ဘာ ၂၁ ရက်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ လူငယ်စကားဝိုင်းနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများ၊ သုတ၊ ရသ စာအုပ်ပြပွဲနှင့် အသိပညာပေး နံရံကပ်စာစောင် ပြပွဲများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပကြောင်း သိရသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းလွင်က အမှာစကားပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်အသုံးပြုမှုဆိုင်ရာများ ဆွေးနွေးပြောကြားပြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာ သက်ဝေမောင်က လူငယ်များ ဘဝအောင်မြင်ရေးအတွက် အရေးကြီးဆုံးသောအရာ ခေါင်းစဉ်ဖြင့် စာပေဖတ်ရှုခြင်းအကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပပြီး တက်ရောက်လာသည့်ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြသည်။

**သန်းသန်းအေး(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွား မပေါ်ပေါက်စေရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် ခုနစ်မြို့နယ် မီးသတ်ဦးစီးမှူးများ ပူးပေါင်းအဖွဲ့ဖြင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် ဆောင်ရွက်မှုများကို နိုဝင်ဘာ ၂၄ ရက်က တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း လိုက်လံစစ်ဆေးစဉ်။ ဇော်ဘိ

## ဆီထွက်သီးနှံဆောင်းနေကြာ စံပြကွက်စိုက်ပျိုးပွဲကျင်းပ

**ဇလွန် နိုဝင်ဘာ ၂၄**
ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သော ၂၀၂၅ - ၂၀၂၆ ဆီထွက်သီးနှံဆောင်းနေကြာစံပြကွက် စိုက်ပျိုးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ကော့ကပ်ကလေးကျေးရွာအုပ်စု တောင်သူ ဒေါ်စန်းစန်းမြင့်၏ လယ်မြေ ကွင်းအမှတ်(၁၆၄၄) ဦးပိုင်အမှတ်(၅/၃) တွင် ပြုလုပ်သည်။

ဆီထွက်သီးနှံဆောင်းနေကြာ စံပြကွက်စိုက်ပျိုးပွဲတွင် ဟင်္သာတ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များက ဆောင်းသီးနှံနေကြာ Super Sun – 41(၁ ဒသမ ၅၀)ကေတွင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **ဇလွန်(ပြန်/ဆက်)**

## ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု

*စာမျက်နှာ ၁၀ မှ*

**(ဃ) ဈေးကွက်နည်းပညာ –** စိုက်ပျိုးရေး ထုတ်ကုန်များကို ဈေးကွက်ဝင် အဆင့်မြင့် စားသုံးကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေးနှင့် ကုန်ကြမ်းအဆင့်မှသည် ကုန်ထုတ်စီးပွားရေးလုပ်ငန်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရေးအတွက် ဈေးကွက်ဖော်ဆောင်ရန်မှာလည်း အရေးကြီးပါသည်။

ဤနည်းပညာများကို ထိရောက်စွာ အသုံးချနိုင်ရန်မှာ လယ်သမားများသာမက စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူများ အားလုံးအပေါ် လေ့ကျင့်ပညာပေးနိုင်မှုအပေါ် မူတည်နေပါသည်။ ယနေ့ကမ္ဘာ့နိုင်ငံအားလုံးသည် စားရေရိက္ခာ ဖူလုံရေးကို မရှိမဖြစ်အခြေခံဆောင်ရွက်ကြသည်ဖြစ်ပြီး အနာဂတ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပညာတတ် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးမှုဖူလုံစေရန် သဘာဝအရင်းအမြစ်များမှ ဘေးကင်းလုံခြုံစိတ်ချရသော စားရေရိက္ခာများ ထုတ်လုပ်နိုင်ရေးသည် အဓိကလုပ်ငန်းမဏ္ဍိုင်ပင် ဖြစ်ပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတွင် အဓိကကျသောကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအကျဉ်းအား ဖော်ပြရမည်ဆိုပါက–

**(၁) သုတေသနပညာရှင်များ မွေးထုတ်ခြင်း –** ဌာနတွင်း သုတေသနပညာရှင်များ၏ စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ပို့ချပေးခြင်း၊ နိုင်ငံတကာ သုတေသန ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဗဟုသုတများ ဖလှယ်ခြင်း၊

**(၂) တောင်သူနှင့် စိုက်ပျိုးရေးတိုးချဲ့ပညာပေးဝန်ထမ်းများအတွက် လက်တွေ့ပညာပေးလုပ်ငန်းများ –** သုတေသနရလဒ်သစ်များ (ဥပမာ– မျိုးသစ်များ၊ နည်းပညာသစ်များ) ကို တောင်သူများထံသို့ ပြန့်ပွားရောက်ရှိစေရန် ကွင်းဆင်းပြသခြင်း၊ သင်တန်းပေးခြင်း၊ နမူနာစိုက်ခင်းများတည်ဆောက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ သုတေသနပညာရပ်များကို စိုက်ပျိုးရေးပညာရှင်များသို့ လက်ဆင့်ကမ်း ဖြန့်ဝေခြင်း၊

**(၃) စိုက်ပျိုးရေးဆိုင်ရာ ဦးစားပေးစီမံကိန်းများ –** ကျေးလက်လူငယ်များ၊ လယ်သမားအဖွဲ့အစည်းများသာမက စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးရေး သုတေသနလုပ်ငန်းများ(မြေ၊ ရေ၊ မျိုး၊ ပိုးမွှား၊ ရောဂါ၊ ရိတ်သိမ်းချိန်လွန်၊ အစားအစာသုတေသန)ဆောင်ရွက်ခြင်း၊ အဆိုပါနည်းပညာများ လက်တွေ့သင်ကြားပေးသော စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊၊

**(၄) ပညာပေးစာစောင်များ၊ လမ်းညွှန်စာအုပ်များ ထုတ်ဝေခြင်း –** လွယ်ကူရှင်းလင်းသော ဘာသာစကားဖြင့်ရေးသားထားသည့် ပညာပေးစာစောင်များကို တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများထံ ဖြန့်ဝေပေးခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးတောင်သူ၊ ပုဂ္ဂလိက၊ အစိုးရနှင့် စိုက်ပျိုးရေးဆိုင်ရာအဖွဲ့အစည်းအသီးသီးဖြင့် စိုက်ပျိုးမွေးမြူရေးလယ်ယာကဏ္ဍအား တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်အကျိုးပြုလျက်ရှိပါကြောင်း သတင်းကောင်းပါးလိုပါသည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရေး၏ အုတ်မြစ်ပေါ်တွင် တည်ဆောက်ရမည် ဖြစ်သည်။ လယ်ယာကဏ္ဍသည် ကျွန်ုပ်တို့နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်ရာ ဤကဏ္ဍကို ခေတ်မီဖွံ့ဖြိုးသော ကဏ္ဍအဖြစ်သို့ ရောက်ရှိစေရန်အတွက် စိုက်ပျိုးရေးပညာနှင့် နည်းပညာများကို အခြေခံသော ပညာရေးစနစ်ဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။ စိုက်ပျိုးရေး သုတေသနဦးစီးဌာနအပါအဝင် သက်ဆိုင်ရာဌာနအသီးသီး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များသည် ဤရည်မှန်းချက်အောင်မြင်ရေးအတွက် အရေးပါသော ခြေလှမ်းများပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ “နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့” ဆိုသော ဆောင်ပုဒ်အတိုင်း ပညာရေးကို ဗဟိုပြုသော ဖွံ့ဖြိုးရေးမူဝါဒများဖြင့် အနာဂတ်နိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်ကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

# လျှော့ချကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ရုရှားနိုင်ငံ လူထုကာကွယ်ရေး၊ အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဝန်ကြီးဌာနမှ ချီးမြှင့်သည့် ဂုဏ်ပြုအမှတ်တံဆိပ်နှင့်ဂုဏ်ပြုလက်မှတ်များပေးအပ်




**နေပြည်တော် နိုဝင်ဘာ ၂၄**

လျှော့ချကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ရုရှားနိုင်ငံ လူထုကာကွယ်ရေး၊ အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဝန်ကြီးဌာန (EMERCOM) မှ ချီးမြှင့်သည့် ဂုဏ်ပြုအမှတ်တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော် အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဂုဏ်ပြုအမှတ်တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခံရသူ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် လျှော့ချကယ်ဆယ်ရေး လုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဌာနမှ ကိုယ်စားလှယ်များအား ဂုဏ်ပြုအမှတ်တံဆိပ် နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။**(ဓာတ်ပုံ)**

ယင်းနောက် ဂုဏ်ပြုအမှတ်တံဆိပ်နှင့် ဂုဏ်ပြု လက်မှတ်ချီးမြှင့်ခံရသူများကိုယ်စား မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်း ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**မင်းလှ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ ပူးပေါင်းကျင်းပသည့် ကျောင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးတိုင်း ဒေသကြီး မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပ သည်။



ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူး ကြီး မိုးမင်းသိန်း၊ မကွေးတိုင်း ဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးကော်မတီဥက္ကဋ္ဌ တိုင်း ဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကိုယ်လုံ ပညာ သရုပ်ပြသမှု၊ မင်းလှမြို့ အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူ များ၏ ဝါးညှပ်အက ဖျော်ဖြေမှုတို့ ကို ကြည့်ရှုအားပေးကာ ဂုဏ်ပြု ဆုငွေများ ပေးအပ်ပြီး ကာယ စွမ်းရည်ပြိုင်ပွဲများ ဖြစ်သည့် ခါးလှည့်ကွင်းပြိုင်ပွဲ၊ စကားပုံ ဆက်ပြိုင်ပွဲ၊ အရုပ်ကွင်းစွပ်ပြိုင်ပွဲ နှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ တွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများ ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကျောင်းစာကြည့် တိုက်တွင် ကျောင်းသား ကျောင်းသူ များ စာပေလေ့လာ ဖတ်ရှုနေမှု ကို ကြည့်ရှုပြီး စာကြည့်တိုက် အတွက် စာအုပ်စာစောင်များ ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် "လှပ သာယာပြည်မြန်မာ" ရောင်စုံ ဓာတ်ပုံပြဘုတ်များ၊ စာအုပ် အရောင်းဆိုင်များ၊ ဌာနဆိုင်ရာ ပြခန်းများနှင့် ဒေသထွက်ကုန် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူများ က "မကွေးတိုင်း ရွှေမြို့တော်"၊ "အလှဆုံးပန်းများ ပွင့်ကြပြီ" တေးသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေ ၍ အခမ်းအနားကို ဖွင့်လှစ် ပေးသည်။

ဆက်လက်၍ (၂၆) ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တွင် နိုင်ငံတော်အဆင့် ရွှေတံဆိပ် ဆုရှင် ကျောင်းသား မောင်လွင် သန့်ထူးအောင်က တယောတီးခတ် ၍ ရွှေတံဆိပ်ဆုရှင် မဆုမြတ်နိုးက "နှလုံးသားကို အလှဆင်ပါ" သီချင်းဖြင့် ဖျော်ဖြေသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မင်းလှမြို့ အခြေခံ ပညာ အထက်တန်းကျောင်း၌ ကျင်းပသည့်ကျောင်းစာကြည့်တိုက် များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် အတွက် ငွေကျပ်သိန်း ၅၀ ကို ပေးအပ်သည်။

ယင်းနောက် ဉာဏစွမ်းရည် ပြိုင်ပွဲများဖြစ်သည့် အထက်တန်း အဆင့် ကျပန်းစကားပြော ပြိုင်ပွဲ တွင် ဆုရရှိသူများအား တိုင်းဒေသ ကြီး ဝန်ကြီးချုပ်ကလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်က လည်းကောင်း၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသူ များအား တိုင်းဒေသကြီး လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီးက လည်းကောင်း၊ အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်း တွင် ပါဝင်ဆွေးနွေးခဲ့ကြသော ကျောင်းသား ကျောင်းသူများ အား တိုင်းဒေသကြီးလူမှုရေးရာ ဝန်ကြီးကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အထက်တန်း အဆင့် ကျပန်းစကားပြော ပြိုင်ပွဲ တွင် ပထမဆုရရှိသည့် ကျောင်းသူ က ပြန်လည်သရုပ်ပြ တင်ဆက် ခဲ့သည်။

ထို့နောက် မကွေးမြို့ပေါ်ရှိ အခြေခံ ပညာကျောင်းမှ ကျောင်းသား ကျောင်းသူများဖြင့် ဖွဲ့စည်းထားသော " Violin Group" က "ဘယ်ပန်းချီ ရေးလို့ မမီ"၊ "ပန်းချစ်သူ"၊ "ချင်းတောင် တန်းမှ ကြိုဆိုပါ၏" သီချင်းများ ဖြင့်လည်းကောင်း၊ မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း မှ ကျောင်းသား ကျောင်းသူများက "စည်းလုံးခြင်းအတွက် သီချင်း တစ်ပုဒ်"၊ "ထာဝရမြန်မာ"၊ "နံနက် ချိန်ခါမင်္ဂလာ" ၊ "ဇာတိမာန်" သီချင်းများဖြင့် လည်းကောင်း သီဆိုဖျော်ဖြေခဲ့သည်။

ယနေ့ ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်သည် ၂၀၂၅- ၂၀၂၆ ပညာသင်နှစ်တွင် မကွေး တိုင်းဒေသကြီးအတွင်း (၂၃)ကြိမ် မြောက် ကျင်းပနိုင်သည့် ကျောင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဖြစ်ပြီး ပွဲတော်သို့ မင်းလှ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့မဈေးအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို နိုဝင်ဘာ ၂၃ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်နိုင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီ ဝင်များ စုပေါင်း၍ အသိပညာပေးပြီး မီးဘေးလုံခြုံရေးအတွက် ဆိုင်ခန်းများ စစ်ဆေးစဉ်။

မျိုးလှိုင်(တွံတေး)

# ဆေးတက္ကသိုလ်(၂)ရန်ကုန် (၅၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာ ရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီး ဌာန၊ ဆေးတက္ကသိုလ်(၂) ရန်ကုန် ၏ (၅၆) ကြိမ်မြောက် ဘွဲ့နှင်း သဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပ သည်။

ဦးစွာ ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာမိုးဝင့်အောင်နှင့် ပညာ ရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေး အဖွဲ့ဝင်များက ဘွဲ့နှင်းသဘင် စင်မြင့်ပေါ်တွင် နေရာယူကြပြီး ဘွဲ့ရကျောင်းသား ကျောင်းသူများ က အဓိဋ္ဌာန်ပြုကတိသစ္စာ ရွတ်ဆို ကြကာ ဘာသာရပ်အသီးသီးတွင် ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာ မဟာသိပ္ပံဘွဲ့နှင့် ဆေးပညာဘွဲ့ များအတွက် ကောင်းစွာအောင်မြင် ပေါက်မြောက်ခဲ့ပြီဟု ပညာရေး အဖွဲ့က ကြေညာခြင်း ခံရသူများ အား ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ်က ဘွဲ့များ အပ်နှင်း ပြီး ဂုဏ်ပြုအမှာစကား ပြောကြား သည်။



ယနေ့ ဆေးတက္ကသိုလ် (၂) ရန်ကုန်၏ (၅၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးလက်တွေ့ပါရဂူဘွဲ့ တစ်ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၁၂ ဦး နှင့် ဆေးပညာဘွဲ့ ၃၃၆ ဦးတို့ကို ဘွဲ့များ အပ်နှင်းချီးမြှင့်ခဲ့သည်။

ယခု (၅၆)ကြိမ်မြောက်ဘွဲ့နှင်း သဘင်အပါအဝင် ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်မှ မွေးထုတ်ပေးခဲ့ သည့် ဆေးပညာဘွဲ့ရ ဆရာဝန် ၁၀၉၁၂ ဦး၊ ဆေးပညာမဟာသိပ္ပံ ဘွဲ့ ၂၀၉၉ဦး၊ ပါရဂူဘွဲ့ ၈၆ဦးနှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ ၂၇၆ ဦး တို့ကို အောင်မြင်စွာ လေ့ကျင့် ပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာ ကျောင်းကြီးကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏမဟာထေရ်၏ ဝိဇာတမွေးနေ့မင်္ဂလာပူဇော်ပွဲ တက်ရောက်



**မော်လမြိုင် နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာ ကျောင်းကြီးကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏမဟာထေရ်၏ သက်တော် (၇၁) နှစ် ဝါတော် (၅၁)နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျောင်းတိုက်၌ ပြုလုပ်သည်။

ဦးစွာ မော်လမြိုင်မြို့ မြစေတီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း(ယာပုံ)နှင့် တာဝန်ရှိသူများသည် ကြွရောက်တော်မူလာသော ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး မြစေတီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူဆောက်တည်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရန်ကုန်စီးပွားရေးတက္ကသိုလ်ရှေ့ သန့်ရှင်းသာယာလှပရေး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်စီးပွားရေး တက္ကသိုလ်ရှေ့မျက်နှာစာ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)လမ်းမကြီး ရန်ကုန်စီးပွားရေး တက္ကသိုလ်ရှေ့ မျက်နှာစာတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် ဇလားပုံရေမြောင်း ဆောင်ရွက်နေမှု၊ ပြည်သူများ သွားလာရေးအဆင်ပြေစေရန် ကွန်ကရစ်လမ်းခင်းနေမှု၊ မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် သစ်ပင်များ စိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သစ်ပင်ပန်းပင်များ စိုက်ပျိုးနိုင်ရေး၊ သစ်ပင်များ စိုက်ပျိုးရာတွင် သဲခင်း၍ လေပြင်းဒဏ်ခံနိုင်ရေး၊ ရေမြောင်းများအတွင်း အနံ့ဆိုးကင်းရှင်းရေး၊ မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ရေးနှင့် လုပ်ငန်းများ အချိန်မီပြီးစီးရေး မှာကြားသည်။

ဖွဲ့ထက်ကို
(ပြန်/ဆက်)

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ဆန်နှင့်ဆီ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးနေမှု ကြည့်ရှုအားပေး

**ဘားအံ နိုဝင်ဘာ ၂၄**

မြန်မာ့စီးပွားရေးဘဏ် (ဘားအံဘဏ်ခွဲ)အနေဖြင့် ဘဏ်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိပြီး လစဉ် ၂၁ ရက်မှစ၍ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများကသွားရောက်ကြည့်ရှုအားပေးသည်။

ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့စီးပွားရေးဘဏ်(ဘားအံဘဏ်ခွဲ)တွင် ပင်စင်လစာလာရောက် ထုတ်ယူနေကြသည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားပြီး စနစ်တကျပင်စင်လစာငွေထုတ်ယူနေမှု အခြေအနေ၊ ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား လွှင်မောင်မောင်ကုမ္ပဏီက စားသုံးဆီများကို သက်သာသော နှုန်းထားဖြင့် ရောင်းချပေးနေမှု အခြေအနေ၊ ဆောင်ဆန်းငွေလာ ကုမ္ပဏီလီမိတက်က နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ဧရာဝတီပေါ်ဆန်း၊ ရက် ၉၀ သုခ၊ ပခမ်းအစ ရှိသည့် ဆန်များကို သက်သာသော နှုန်းထားဖြင့် ရောင်းချပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာပင်စင်လစာလာရောက် ထုတ်ယူသူများ အသုံးပြုနိုင်ရန် နှစ်ခန်းတွဲ သန့်စင်ခန်း တစ်လုံး ဆောက်လုပ်ပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ဘားအံမြို့ တောင်ကလေးတိုးချဲ့မြို့ပြအိမ်ရာစီမံကိန်းဧရိယာအတွင်း ဖွင့်လှစ်ခဲ့သော အစိုးရစက်မှုလက်မှုသိပ္ပံ (ဘားအံ)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ကျောင်းအုပ် ဆရာမကြီးက A.G.T.I သုံးနှစ်ဒီပလိုမာသင်တန်းများသို့ ကျောင်းသားဦးရေ ဝင်ရောက်မှု၊ ဆရာ ဆရာမဦးရေ အင်အားတိုးပွားလာမှု၊ စာသင်ဆောင်၊ သင်ထောက်ကူ၊ ပရိဘောဂ ပြည့်စုံလုံလောက်မှု၊ ဝန်ထမ်းအိမ်ရာလုံလောက်မှု၊ ရေ၊ မီး ပြည့်စုံလုံလောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ) ပရဝဏ်အတွင်း ကျောင်းဘောလုံးကွင်း ဖောက်လုပ်ပေးနေမှု အခြေအနေ၊ နန်းငုဝါ အမျိုးသမီးအိပ်ဆောင်တွင် သင်တန်းသူများထားရှိနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရမည့် အခြေအနေ၊ သုံးထပ်သင်တန်းသားအိပ်ဆောင်အတွင်း သင်တန်းသားများ ထားရှိနိုင်ရေးနှင့် အဆိုပါ အဆောက်အအုံများအတွင်း ရေ၊ မီး၊ မိလ္လာပြည့်စုံလုံလောက်မှုရှိစေရေး ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ယနေ့ ညနေ ၃နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားအနီးတွင် ဖြစ်ပေါ်နေသည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာကာ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ



**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# စက်မှုထိပ်သီးခေါင်းဆောင်များ၏ ကြေညာချက်နှင့်အတူ ဂျီ ၂၀ အစည်းအဝေး ရုပ်သိမ်း

**ဂျိုဟန်နက်စ်ဘတ် နိုဝင်ဘာ ၂၄**

အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များ၏ ကြေညာချက်ကို အတည်ပြုပြီးနောက် တောင်အာဖရိကနိုင်ငံ၌ ကျင်းပခဲ့သည့် စက်မှုထိပ်သီးနိုင်ငံ ၂၀ အဖွဲ့ (ဂျီ ၂၀) ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်တွင် အဆုံးသတ်ခဲ့သည်။ ဂျီ ၂၀ ထိပ်သီးဆွေးနွေးပွဲသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် မတက်ရောက်ခဲ့သော်လည်း အဆိုပါကြေညာချက်ကို အိမ်ဖြူတော်က ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့သည်။

ဂျီ ၂၀ ဥက္ကဋ္ဌဖြစ်သည့် တောင်အာဖရိကသမ္မတ ဆိုက်ရေး ရာမာဖိုဆာက အာဖရိကတွင် ပထမဆုံး ကျင်းပခဲ့သည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေး၏ အရေးပါမှုကို သတိပြုမိကြောင်းနှင့် အာဖရိက တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုကို ထိပ်သီးအစည်းအဝေး၏ ဆွေးနွေးမှုအစီအစဉ်တွင် ဗဟိုချက်အဖြစ် ထားရှိရန် ကြိုးပမ်းခဲ့သည်ဟု ပြောကြားခဲ့သည်။

ဂျီ ၂၀ ထိပ်သီးဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်သူများက ဝင်ငွေနည်းနိုင်ငံများအတွက် ကြွေးမြီ စဉ်ဆက်မပြတ်ရရှိရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးပါသည့်သတ္တုများ တိုးချဲ့ထုတ်လုပ်ရေးတို့ အတွက် ပံ့ပိုးပေးရေးအပါအဝင် အခြားကိစ္စများကို ရည်ညွှန်းသည့် ဂျီ ၂၀ ခေါင်းဆောင်များ၏ ကြေညာချက်ကို အတည်ပြုခဲ့သည်။ ယခုတစ်ကြိမ် ကျင်းပခဲ့သည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးကို အမေရိကန် နိုင်ငံက မတက်ရောက်ခဲ့သော်လည်း အမေရိကန် ပြည်ထောင်စုသည် လာမည့်နှစ်တွင် ကျင်းပမည့် ဂျီ ၂၀ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

အမေရိကန်၏ ကန့်ကွက်မှုများ ရှိနေသော်လည်း တောင်အာဖရိကသည် ဂျီ ၂၀ ဥက္ကဋ္ဌ ရာထူးကို အသုံးပြုပြီး ဂျီ ၂၀ ခေါင်းဆောင်များ၏ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်ဟု အိမ်ဖြူတော်က ပြောသည်။

**အင်န်အိတ်ချ်ကေ**



---

## ရေဘေးသင့်ဒေသခံများအတွက် နေအိမ်များ ပြန်လည်တည်ဆောက်ပေးရန် ဗီယက်နမ်ဝန်ကြီးချုပ် တိုက်တွန်း

**ဟနွိုင်း နိုဝင်ဘာ ၂၄**

ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင်းသည် တောင်-အလယ်ပိုင်းဒေသများတွင် မကြာသေးမီက ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်မှုဖြစ်ပွားခဲ့သည့် ဒေသခံများအတွက် နေအိမ်များ ပြုပြင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့်လုပ်ဆောင်ကြရန် တောင်းဆိုထားကြောင်း ဗီယက်နမ် နေ့စဉ်ထုတ် သတင်းစာ Nhan Dan တွင် နိုဝင်ဘာ ၂၄ ရက်က ဖော်ပြထားသည်။



ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင်း

၎င်းက ထိခိုက်ပျက်စီးမှုဖြစ်ပွားသော နေအိမ်များကို နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထားပြီး ပြုပြင်တည်ဆောက်ရန်လည်း ညွှန်ကြားထားသည်။ ထို့အပြင် နေအိမ်များ ပြိုကျပျက်စီးခြင်း၊ ရေစီးနောက်မျောပါခြင်း သို့မဟုတ် ဆိုးရွားစွာ ပျက်စီးမှုဖြစ်ပွားသော အိမ်ထောင်စုများအတွက် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထားပြီး နေအိမ်အသစ်များ ဆောက်လုပ်ပေးရန်နှင့် နေရာချထားပေးရန် အာဏာပိုင်များကို ညွှန်ကြားထားသည်။

ဗီယက်နမ်နိုင်ငံတွင် မကြာသေးမီက ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၉၁ ဦးရှိလာပြီး ၁၁ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက နိုဝင်ဘာ ၂၄ ရက်က ဖော်ပြထားသည်။

အဆိုပါဖြစ်ရပ်ကြောင့် စီးပွားရေးဆုံးရှုံးမှုပမာဏ ခန့်မှန်းခြေအားဖြင့် ဗီယက်နမ်ဒေါင် ၁၃ ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၄၉၃ သန်းခန့်)ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

---

## ဗီယက်နမ် သီဟိုဠ်စေ့တင်ပို့မှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံခန့်ရရှိ

**ဟန္ွိုင်း နိုဝင်ဘာ ၂၄**

ဗီယက်နမ်နိုင်ငံမှ ယခုနှစ်ပထမ ၁၀ လအတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံခန့်တန်ဖိုးရှိ သီဟိုဠ်စေ့ကို တင်ပို့နိုင်ခဲ့ကြောင်း၊ အဆိုပါပမာဏမှာ ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၉ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း ဒေသတွင်း နေ့စဉ်ထုတ်သတင်းစာ Baodautu က နိုဝင်ဘာ ၂၄ ရက်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ၁၀ လတာကာလအတွင်း သီဟိုဠ်စေ့တန်ချိန် ၆၂၈၀၀၀ ကို ရောင်းချနိုင်ခဲ့ပြီး ယမန်နှစ်ကထက် ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း ဗီယက်နမ်အကောက်ခွန်ဌာန၏ ပြောကြားချက်ကို ကိုးကား၍ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်စိုက်ပျိုးရေးထုတ်ကုန်ကို ဒေါ်လာ ၉၁၀ သန်းကျော် ဝယ်ယူသောကြောင့် ထိပ်တန်းဝယ်ယူသူအဖြစ် ရှိနေပြီး ယမန်နှစ်က ဝယ်ယူသည့် ပမာဏထက် ၅၃ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

လွန်ခဲ့သည့် ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့ပျမ်းမျှ ပို့ကုန်ဈေးနှုန်းမှာ တစ်တန်လျှင် ၆၈၁၁ ဒေါ်လာရှိကာ ယမန်နှစ်ကထက် ၁၆ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ **ဆင်ဟွာ**



---

## ဂျပန်နိုင်ငံ၌ တုပ်ကွေးဖြစ်ပွားမှု ၁၀ နှစ်အတွင်း အမြန်ဆုံးနှုန်းထားဖြင့် သတိပေးအဆင့် ရောက်လာ

**တိုကျို နိုဝင်ဘာ ၂၄**

ဂျပန်နိုင်ငံတစ်ဝန်း သတ်မှတ်ထားသော ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများတွင် မှတ်တမ်းတင်ထားသော တုပ်ကွေးလူနာပျမ်းမျှအရေအတွက်မှာ ၁၀ နှစ်အတွင်း အမြန်ဆုံးနှုန်းထားဖြင့် သတိပေးအဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အတွင်း ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်း ၃၀၀၀ ခန့်မှ တုပ်ကွေးဖြစ်ပွားသူ လူနာပေါင်း ၁၄၅ ၅၂၆ ဦးရှိကြောင်း၊ ဌာနတစ်ခုလျှင် ပျမ်းမျှ ၃၇ ဒသမ ၇၃ ဦးရှိကြောင်း၊ သတိပေးအဆင့် ၃၀ ဦးကို ကျော်လွန်သွားပြီ ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

အဆိုပါ ပမာဏသည် ပြီးခဲ့သည့် ရာသီကထက် သီတင်းငါးပတ်စော၍ သတိပေးအဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ဂျပန်နိုင်ငံရှိ စီရင်စု ၄၇ စုအနက် ၂၄ စုတွင် သတိပေးအဆင့်ကို ကျော်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံ၌ တုပ်ကွေးရောဂါဖြစ်ပွားမှုသည် ဆောင်းရာသီနှင့် နွေဦးအကုန်တွင် ဖြစ်ပွားလေ့ရှိသည်။ **ဆင်ဟွာ**



---

## ကမ္ဘောဒီးယားနိုင်ငံ၌ ၁၀ လအတွင်း စက်ဘီးတင်ပို့မှု ၄၇ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်

**ဖနောင်ပင် နိုဝင်ဘာ ၂၄**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမ ၁၀ လအတွင်း နိုင်ငံတကာဈေးကွက်များသို့ အမေရိကန်ဒေါ်လာ ၅၀၂ ဒသမ ၈ သန်း တန်ဖိုးရှိ စက်ဘီးများ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယမန်နှစ်ကထက် ၄၇ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၂ ရက်တွင် ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံထုတ် စက်ဘီးများကို အများအားဖြင့် ဥရောပသမဂ္ဂ(အီးယူ)၊ ယူကေ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံများသို့ တင်ပို့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဖန်းဆိုဗီချက်သ်က ပြောသည်။

စက်ဘီးများသည် နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချသည့် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိက ထုတ်ကုန်များထဲမှ တစ်ခုဖြစ်လာကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ပြောသည်။ **ဆင်ဟွာ**

---

## အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာထိပ်တန်းတပ်မှူး သေဆုံး

**ဂျေရုဆလင် နိုဝင်ဘာ ၂၄**

ရှီးယားမွတ်စလင်အုပ်စု ဟစ်ဇ်ဘိုလာကိုပစ်မှတ်ထားပြီး အစ္စရေးတပ်ဖွဲ့က လက်ဘနွန်မြို့တော် ဘေရွတ်မြို့ ဆင်ခြေဖုံးကို နိုဝင်ဘာ ၂၃ ရက်က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာအဖွဲ့၏ စစ်ဘက်ရေးရာ ထိပ်တန်းတပ်မှူး တစ်ဦး သေဆုံးခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့က ကြေညာခဲ့သည်။

နှစ်ဖက် အပစ်အခတ်ရပ်စဲထားချိန်အတွင်း ပြုလုပ်ခဲ့သည့် အစ္စရေး၏ တိုက်ခိုက်မှုကြောင့် လူငါးဦး သေဆုံးပြီး ၂၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်နိုင်ငံပိုင် သတင်းဌာနက ဖော်ပြခဲ့သည်။ အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတပ်ဖွဲ့များကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် လွန်ခဲ့သည့်နှစ် နိုဝင်ဘာလတွင် အသက်ဝင်ခဲ့သည်။ ယင်းသဘောတူညီချက်အရ နှစ်ဖက်စလုံးသည် နယ်စပ်ဒေသများမှ ဆုတ်ခွာပေးရန် လိုအပ်သည်။

သို့သော် ဟစ်ဇ်ဘိုလာသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ခဲ့သည်ဟု အစ္စရေးက စွပ်စွဲပြောကြားခဲ့ပြီး ဆုတ်ခွာရန် သတ်မှတ်ထားသည့် နောက်ဆုံးရက် ကုန်ဆုံးသွားသည့်တိုင် နယ်မြေအချို့တွင် ၎င်း၏ တပ်ဖွဲ့များကို ဆက်လက်ထားရှိခဲ့သည်။ အစ္စရေးသည် ဟစ်ဇ်ဘိုလာအဖွဲ့ကို လေကြောင်းမှ အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သည်။

ဇွန်လနောက်ပိုင်းတွင် အစ္စရေးစစ်တပ်က လက်ဘနွန်မြို့တော်ကို ပထမဆုံးအကြိမ် တိုက်ခိုက်ခဲ့သည်ဟု အဆိုစီရိတ်ပရက်စ် သတင်းဌာနက ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

■

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာ၊ ဗီဒီယိုနှင့် ပန်းချီပြိုင်ပွဲများ၌ ဆုရရှိသူများ ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၄

၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာ၊ ဗီဒီယိုနှင့် ပန်းချီပြိုင်ပွဲများ၌ ဆုရရှိသူများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| **ပိုစတာပြိုင်ပွဲ** | | | | | |
| အသက် ၁၀ နှစ် မှ ၁၅ နှစ် | | အသက် ၁၆ နှစ် မှ ၂၀ နှစ် | | အသက် ၂၁ နှစ်မှ၂၅ နှစ် | |
| ပထမ | မောင်လင်းထွဋ်မောင် ၈/မကန(နိုင်)၃၄၁၃၀၇၊ မကွေးမြို့၊ အဘ-ဦးမောင်မောင်လေး | ပထမ | မောင်ထက်ဝေယံဖြိုး ၈/မဘန(နိုင်)၁၉၅၃၈၉၊ မကွေးမြို့၊ အဘ-ဦးမြင့်တင် | ပထမ | မဟန်နီဇော် ၈/မကန(နိုင်)၃၂၀၂၂၀၊ မကွေးမြို့၊ အဘ-ဦးနိုင်လင်းအောင် |
| ဒုတိယ | မောင်သမိုင်းသစ်Grade8၊ မကွေးမြို့၊ အဘ-ဦးလှမင်းနိုင် | ဒုတိယ | မောင်ငြိမ်းလင်းထွန်း Grade 11၊ ပွင့်ဖြူမြို့၊ အဘ-ဦးအောင်ခိုင်မင်း | ဒုတိယ | မောင်ခန့်ဇင်ဝင်း ၉/ဇယသ(နိုင်)၀၁၆၉၈၁၊ နေပြည်တော်၊ အဘ-ဦးအောင်အောင် |
| တတိယ | မဆုဝေနှင်း Grade 6၊ မကွေးမြို့၊ အဘ-ဦးအောင်အောင်ကျော် | တတိယ | မဝင့်ရတီဦး ၈/မကန(နိုင်)၃၄၀၁၈၅၊ မကွေးမြို့၊ အဘ-ဦးဝင်းမြင့်ဦး | တတိယ | မောင်အောင်ဇေယျာသက် ၈/မဘန(နိုင်)၁၅၅၃၂၂၊ မကွေးမြို့၊ အဘ-ဦးညွန့်သိန်း |
| **ဗီဒီယိုပြိုင်ပွဲ** | | | | | |
| အသက် ၁၀ နှစ်မှ ၁၅ နှစ် | | အသက် ၁၆ နှစ်မှ ၂၀ နှစ် | | အသက် ၂၁ နှစ်မှ ၂၅ နှစ် | |
| ပထမ | မောင်သင်ဘွဲ့ဆန်း (အဖွဲ့လိုက်) ၈/ဂဂန(နိုင်)၁၄၃၂၁၅၊ ဂန့်ဂေါမြို့၊ အဘ-ဦးသင်တလန်း | ပထမ | မအိမ့်သံသာ(အဖွဲ့လိုက်) ၁၂/ဒပန(နိုင်)၀၆၇၇၇၃၊ ဒေါပုံမြို့၊ အဘ-ဦးရဲလင်း | ပထမ | မောင်ကောင်းခန့်တင်ကျော် ၉/မတရ(နိုင်)၂၂၉၁၉၅၊ မန္တလေးမြို့၊ အဘ-ဦးတင်မောင်ဆွေ |
| ဒုတိယ | မောင်သန့်ဇင်(အဖွဲ့လိုက်) ၉/ဇယသ(နိုင်)၀၂၄၂၇၅၊ နေပြည်တော်၊အဘ-ဦးတင်မိုးနိုင် | ဒုတိယ | မောင်ထူးခန့်လင်း (အဖွဲ့လိုက်)၉/ဇယသ(နိုင်)၀၂၂၉၅၀၊ နေပြည်တော်၊ အဘ-ဦးမျိုးမင်းထွန်း | ဒုတိယ | မောင်ပြည့်ငြိမ်းအောင် ၈/မကန(နိုင်)၂၅၈၁၆၂၊ မန္တလေးမြို့၊ အဘ-ဦးကျော်လင်း |
| တတိယ | မထက်မြတ်ဝန်း (အဖွဲ့လိုက်) ၉/ဇယသ(နိုင်)၀၂၄၄၈၄၊ နေပြည်တော်၊ အဘ-ဦးရဲလင်းထက် | တတိယ | မစုစုစံ(အဖွဲ့လိုက်) ၇/ညလပ(နိုင်)၂၄၀၇၀၁၊ ညောင်လေးပင်မြို့၊ အဘ-ဦးကျော်မိုး | တတိယ | မောင်သူရမျိုးထိန် ၁၂/လသန(နိုင်)၀၇၈၃၉၉၊ ရွှေပြည်သာ၊ အဘ-ဦးထိန်စိုး |
| **ပန်းချီပြိုင်ပွဲ** | | | | | |
| အသက် ၁၀ နှစ်မှ ၁၅ နှစ် | | အသက် ၁၆ နှစ်မှ ၂၀ နှစ် | | အသက် ၂၁ နှစ်မှ ၂၅ နှစ် | |
| ပထမ | မောင်မြတ်ဘုန်းနိုင် ၁၂/ကမရ(နိုင်)၀၇၅၂၁၁၊ ပြည်မြို့၊ အဘ-ဦးကျော်ဇော်လင်း | ပထမ | မောင်မင်းသုဟန်ကျော် ၅/မရန(နိုင်)၃၃၁၆၈၅၊ မုံရွာမြို့၊ အဘ-ဦးခိုင်လင်း | ပထမ | မခင်မျိုးဦး ၅/ပလဘ(နိုင်)၁၀၃၂၀၉၊ ပင်လည်ဘူးမြို့၊ အဘ-ဦးအောင်ရွှေ |
| ဒုတိယ | မအေးချမ်းမိုမိုအောင် ၉/ဇယသ(နိုင်) ၀၃၆၂၀၈၊ နေပြည်တော်၊ အဘ-ဦးအောင်ကျော် | ဒုတိယ | မောင်ရှင်းခန့်လူ ၁၂/ဒဂတ(နိုင်)၁၀၈၃၉၇၊ တောင်ဒဂုံမြို့နယ်၊ အဘ-ဦးညွန့်ရွှေ | ဒုတိယ | မောင်အောင်စိုးလင်း ၉/ကဆန(နိုင်)၁၂၂၈၃၇၊ ကျောက်ဆည်မြို့၊ အဘ-ဦးဉာဏ်ဝင်း |
| တတိယ | မအိန္ဒြာမင်းသူ ၁၂/လမတ(နိုင်)၀၄၁၂၀၄၊ လမ်းမတော်မြို့နယ်၊ အဘ-ဦးမင်းသူ | တတိယ | မငွေကြယ်စင်ထွန်း ၉/ပမန(နိုင်)၃၁၅၀၀၇၊ နေပြည်တော်၊ အဘ-ဦးအောင်လင်း | တတိယ | မောင်ခန့်ဝင်းဇော် ၅/ကလဝ(နိုင်)၀၅၅၂၇၉၊ ကလေးဝမြို့၊ အဘ-ဦးဝင်းနိုင်ဦး |

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

(၂၄-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၆-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၃-၁၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသောလူနာနှင့်ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ၃လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# မျိုးဆက်သစ် ဝံသာနုပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၄

**မျိုးဆက်သစ်ဝံသာနုပါတီ ဒုတိယဥက္ကဋ္ဌ ဦးအေးလွင် က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံ၏ မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျား

ကျွန်တော်ကတော့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ ဒုဥက္ကဋ္ဌ ဦးအေးလွင် ဖြစ်ပါတယ်။ ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ မှတ်ပုံတင်အမှတ်ကတော့ (၆၁) ဖြစ်ပြီး နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ မျိုးဆက်သစ်လူငယ်များ အမျိုးသားနိုင်ငံရေးကို စိတ်ပါဝင်စားလာအောင် ပြုစုပျိုးထောင်ပေးပြီး လွှတ်တော်အတွင်းသို့ မျိုးဆက်သစ်လူငယ်များ အတွေးသစ်အမြင်သစ်များဖြင့် ရောက်ရှိလာစေရန် ရည်ရွယ်ပြီး ပါတီကို တည်ထောင်ခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ အလံတော်ဟာ အောက်ခံအဝါရောင်ပေါ်တွင် လက်ယာဘက်ထိပ်၌ ကြယ်ဖြူတစ်လုံးနှင့် ကြန်အင်လက္ခဏာပြည့်စုံသော စွယ်စုံဆင်နှင့် ဆင်ပေါ်တွင် ဆင်ဦးစီးလူငယ်တစ်ဦးအား ထားရှိပါတယ်။ အောက်ခံအဝါရောင်ရဲ့ အဓိပ္ပာယ်ကတော့ ညီညွတ်မှု၊ စည်းလုံးမှု၊ သဟဇာတနှင့် ဂုဏ်သိက္ခာတည်ငြိမ်ခန့်ညားမှုအာဏာတို့ကို ရည်ညွှန်းပါတယ်။ ကြယ်ဖြူရဲ့ အဓိပ္ပာယ်ကတော့ ထာဝရတည်တံ့ခိုင်မြဲမှု၊ စည်းလုံးညီညွတ်မှုနှင့် သန့်ရှင်းဖြူစင်ပြီး ကိုယ်ပိုင်အလင်းရောင်ရှိခြင်းတို့ကို ဖော်ဆောင်ပါတယ်။ စွယ်စုံဆင်ရဲ့ အဓိပ္ပာယ်ကတော့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုနှင့် စစ်အောင်နိုင်ခြင်းတို့ကို ရည်ရွယ်ပါတယ်။ ဆင်ဦးစီးလူငယ်ကတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် မျိုးဆက်သစ်တို့၏ အားမာန်အပြည့်ဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားမည့် ပွဲကိုင်ရှင်မျိုးဆက်သစ်လူငယ်များကို ရည်ညွှန်းဖော်ကျူးထားခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ အဓိကရည်ရွယ်ချက်ကတော့ ထာဝရငြိမ်းချမ်းပြီး လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးထားဆောင်ရွက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့အဆင့်မီ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်သွားဖို့ ဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေးအခင်းအကျင်းအရ ဟိုလူ မကောင်းဘူး၊ ဒီလူ မကောင်းဘူးဟု အပြစ်ပြောနေရမယ့်အချိန် မဟုတ်တော့ပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ ကောင်းစားဖို့အတွက် အမှန်တကယ် မျိုးချစ်စိတ်၊ ပရဟိတစိတ်၊ ဝံသာနုစိတ်ဓာတ်အပြည့်အဝရှိတဲ့ မျိုးဆက်သစ်လူငယ်များအားလုံးဟာ မျက်စိကိုဖွင့်၊ နားကိုစွင့်ပြီး ကမ္ဘာ့အဆင့်မီ ရင်ပေါင်တန်းနိုင်ဖို့အတွက် ကြိုးစားရန်းကန်ရမယ့်အချိန်ကို ရောက်ရှိနေပါပြီ။ ဒါ့ကြောင့် ဒီမိုကရေစီရဲ့အသက်ဟာ ရွေးကောက်ပွဲပါပဲ။ နိုင်ငံတော်၏ ကံကြမ္မာအပြောင်းအလဲကိုလည်း ဒီရွေးကောက်ပွဲက မဲဆန္ဒရှင်များ၏ ဆန္ဒမဲများဖြင့် ဆုံးဖြတ်ပေးမှာ ဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရန်အတွက် မိဘပြည်သူများအနေဖြင့် ကျွန်တော့်ပါတီကို မဲပေးဖို့ဆိုခြင်းထက် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ ကောင်းစားရေးအတွက် အမှန်တကယ်လိုအပ်နေသည့် ပရဟိတစိတ်၊ ဝံသာနုစိတ်ဖြင့် ရှေ့ဆောင်ဦးရွက်လုပ်ဆောင်မည့် မည်သည့်ပုဂ္ဂိုလ်မျိုးကိုမဆို ရွေးချယ်တင်မြှောက်ပေးဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ယခုအချိန်မှစပြီး ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ ကိုယ်စားလှယ်များဟာ လူငယ်များပီပီ စိတ်သစ်၊ လူသစ်၊ အတွေးသစ်၊ အမြင်သစ်တို့ဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ပေါက်လာအောင် ကြိုးစားသွားကြမှာ ဖြစ်ပါတယ်။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ ကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းများဖြင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးဆောင်နိုင်စေရန် ထိန်းကျောင်းသွားပြီး ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲဝင်ရောက်မည့် ကိုယ်စားလှယ်များဟာ ပရဟိတစိတ်အပြည့်ဖြင့် ပြည်သူလူထုရဲ့ လိုအပ်ချက်များကို လွှတ်တော်အတွင်းသာမက လွှတ်တော် ပြင်ပမှာပါ ဥပဒေနှင့်အညီ လိုက်ပါဆောင်ရွက်သွားမယ့်သူများ ဖြစ်ပါတယ်။

ဝံသာနုရက္ခိတတရားများဖြင့် ပြည့်စုံပြီး အခြေခံဥပဒေနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများကို အခြေခံပြီး နိုင်ငံတကာမိတ်ဖက်အသိုက်အဝန်းတည်ဆောက်နိုင်ရေး ဘက်မလိုက်နိုင်ငံခြားရေး မူဝါဒနှင့်အညီ ကြိုးပမ်းတည်ဆောက်သွားပါမယ်။ ပြည်ထောင်စုတစ်ဝန်းလုံးရှိနယ်မြေများ ထာဝရတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံအေးချမ်းရေးတို့ကို အထူးအလေးထားတိုးမြှင့်ဆောင်ရွက်သွားပါမယ်။

နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုလည်း အဆင့်မြှင့်တင်ပြီး အသေးစား၊ အလတ်စား၊ အကြီးစား စက်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးဆောင်ရွက်သွားပါမယ်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး Global Economy အခြေအနေနှင့် ကိုက်ညီသည့် ရင်းနှီးမြှုပ်နှံမှု၊ သယံဇာတများကို စနစ်တကျထုတ်လုပ်သုံးစွဲမှု၊ ပြည်တွင်း ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်အောင်ဆောင်ရွက်သွားပါမယ်။ နိုင်ငံတော်သာယာဝပြောရေး၊ တိုင်းရင်းသားအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ ဖူလုံပြည့်ဝစေရေး၊ သင့်တင့်သောကုန်ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအားလုံး (အခမဲ့) ပညာသင်ကြားရေး၊ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ စစ်မှန်သော ပရဟိတလုပ်ငန်းများ တိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ဦးဆောင်ကြိုးစားဆောင်ရွက်သွားပါမယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် မျိုးဆက်သစ်လူငယ်များအား အခြေခံပညာ၊ တက္ကသိုလ်အဆင့်မြင့်ပညာများသာမက အာကာသသိပ္ပံပညာ၊ နျူကလီးယားသိပ္ပံပညာ၊ နာနိုအီလက်ထရောနစ် နည်းပညာများ လေ့လာသင်ယူစေပြီး နိုင်ငံ၏ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီကတော့ ယခုအကြိမ်မှာ မန္တလေးတိုင်းဒေသကြီးအတွင်းမှာသာ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည် မျိုးဆက်သစ်လူငယ်အများစုဖြစ်ပြီး အမျိုးဘာသာ၊ သာသနာကို လေးစားတန်ဖိုးထား တတ်သူများ အနာဂတ်ကိုဦးဆောင်နိုင်အောင် လေ့ကျင့်ပျိုးထောင်ထားသည့် လူငယ်များကိုသာ လွှတ်တော်အတွင်းသို့ ရောက်ရှိအောင် တင်သွင်းထားပါတယ်။

လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျား




ကျွန်တော်တို့ မျိုးဆက်သစ် ဝံသာနုပါတီ သို့မဟုတ် ရတနာဖြစ်တဲ့ ဆင်ပါတီဟာ မိဘပြည်သူများရဲ့ ဆန္ဒအမှန်ဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် ပရဟိတလုပ်ငန်းစဉ်များမှာ တက်ကြွစွာပါဝင်ဆောင်ရွက်သွားပါမယ်လို့ ကတိပေးပါတယ်။

မန္တလေးတိုင်းဒေသကြီးရဲ့ စက်မှုလက်မှုကဏ္ဍများကိုလည်း ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် လယ်သမား၊ အလုပ်သမားတို့ရဲ့ အကျိုးခံစားခွင့်များ ပိုမိုရရှိလာအောင်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကအစ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင် ဦးစီးဆောင်ရွက်သွားပါမယ်။

အချုပ်အားဖြင့်ဆိုသော် ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီဟာ မျိုးဆက်သစ်တို့ရဲ့ အားမာန်အပြည့်ဖြင့် ဌာနစုံဘက်ပေါင်းစုံနှင့် အဂတိတရားကင်းရှင်းပြီး စစ်မှန်သော ဝံသာနုစိတ်ဖြင့် ကမ္ဘာ့အဆင့်မီနိုင်ငံတော်ကြီးကို တည်ဆောက်လိုပါသဖြင့် မျိုးဆက်သစ်ဝံသာနုပါတီ (ဆင်ပါတီ)ကို မဲပေးကြဖို့ မေတ္တာရပ်ခံ နိဂုံးချုပ်ပါတယ် ခင်ဗျား . . အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။

**ပါတီ၏သီချင်းစာသား**

A.(ပြည်ထောင်စုထဲက သွေးချင်းတို့ရေ ပြည်ထောင်စုချစ်တဲ့ စိတ်တွေ မွေးမြူစို့လေ)၂ သွေးချင်းခိုင်မာ အားသစ်ကိုမွေး ဒို့နိုင်ငံကောင်းစားရေးအတွက် တစ်စိတ်တစ်ဝမ်းညီအောင် ဖော်ဆောင်ကြိုးစား အစိုးရတစ်ရပ်အမှန်လိုအပ်နေ ...... အရွေးမမှားဖို့ လိုပြီလေ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးဖို့ အသည်းကြားက မဲတစ်ပြားက ပဓာနကျတယ်လေ..

B.(လာလာလေမဲပေးရအောင် မဲရုံသွားစို့ ခလုတ်တစ်ချက် အစဉ်တစ်သက်နောင်တမရပေါင် ရှေ့ဆောင်ကောင်းမို့)၂ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ ဘယ်ပါတီလည်းမေးရင် ပရဟိတမျိုးဆက်သစ် ဝံသာနုပါတီ... ဆင်ပါတီကို မဲပေးကြပါစို့......

C.(သီလ သိက္ခာ သမာဓိ ပညာ လေးဝ ဗြဟ္မာစိုရ်ဦးထိပ်တည်လို့ သာ )၂ စွမ်းဆောင်ကြိုးပမ်း အဓိမှတ်စရာ ဓမ္မိကလာဒ်ဒါ အမျိုးဘာသာ သာသနာရေးနဲ့ ပြည်သူ့အကျိုးအတွက် ဦးဆောင်ပါဝင်ကာ ကမ္ဘာ့အလယ်မှာ တင့်တယ်စရာမူအချက်နဲ့ မျိုးဆက်သစ် ဝံသာနုပါတီပါ..

**မျိုးဆက်သစ် ဝံသာနုပါတီ**

* နိုင်ငံတော်ကို ချစ်မြတ်နိုးသော အားမာန်အသစ်တွေ ဉာဏ်ပညာနဲ့ ထက်ထက်မြက်မြက် စွမ်းဆောင်မှုတွေ လူငယ်လူရွယ်များရဲ့ လက်ထက် တို့ရဲ့တိုင်းပြည်စိန်ရောင်ရွှေရောင်ထွန်းလင်း တောက်ပတိုင်းပြည်အနာဂတ်တွေ...
* မျိုးဆက်သစ် ဝံသာနုပါတီ မျိုးချစ်စိတ်နဲ့ တိုင်းပြည်တည်ဆောက်မည် မျိုးဆက်သစ် ဝံသာနုပါတီ အများကောင်းကျိုးအတွက် တာဝန်ထမ်းဆောင်မည် …………
* ဒီမိုကရေစီခေတ်သစ်စနစ်နဲ့ တိုးတက်ခြင်းတွေ ပြည်သူတွေရဲ့ ဘက်ကရပ်လို့ အမြဲအတူရှိနေ ကမ္ဘာကိုရင်ပေါင်တန်းဖို့ ကြိုးစားစိတ်ဓာတ်မြင့်မားစေ ….. ရွှေနိုင်ငံတည်ဆောက်ဖို့ ရဲရင့်အတွေးအမြင်အသစ်တွေ ………

## ဘီးလင်းမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရာ ပြည်သူများလာရောက်ကြည့်ရှု

**ဘီးလင်း နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက် (၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို နိုဝင်ဘာ ၂၂ ရက်ကစတင်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ကပ်ထားကြေညာလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရာတွင် အသက်(၁၈) နှစ်ပြည့်ပြီးသူများအနေဖြင့် မိမိတို့နေထိုင်ရာ ဒေသတွင် ပုံစံ (၆၆/၆) ရှိပြီး မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာ ပုံစံ(၄)ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာပုံစံ (၄-က)ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့် ရက်မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ သတ်မှတ်ပုံစံများဖြင့် လျှောက်ထားနိုင်သည်။

ဘီးလင်းမြို့နယ်၌ ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စု ၂၃ စုတို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေ စုစုပေါင်း ၁၄၁၆၁၄ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သနပ်ပင်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ မဲရုံများအား တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုစစ်ဆေး



**သနပ်ပင် နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်သူများ ဆန္ဒမဲပေးနိုင်ရန် ဆောင်ရွက်ထားရှိသော ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအား ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး တာဝန်ခံ ဦးအောင်မြင့်လွင်၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးဦးနှင့်အဖွဲ့ဝင်များက၊ သနပ်ပင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာကော်မရှင် အဖွဲ့ခွဲများ၊ မဲရုံမှူးများနှင့်တွေ့ဆုံပြီး သနပ်ပင်မြို့နယ်အတွင်းရှိ မဲရုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဒုတိယအကြိမ် မဲဆန္ဒရှင်အမည်စာရင်းများ ထုတ်ပြန်ကြေညာထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

သနပ်ပင်မြို့နယ် အနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၆ အုပ်စုတွင် မဲရုံစုစုပေါင်း ၈၆ ရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၂၁၄၇၉ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မိုင်းခတ်မြို့နယ်၌ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူးပေးလျက်ရှိ

**မိုင်းခတ် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ကျိုင်းတုံပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ၆၆ ကေဗွီ Feeder(1) မှ ဓာတ်အားကို မိုင်းခတ်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျေးရွာခုနစ်ရွာသို့ နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းကစတင်၍ ဓာတ်အားဖြန့်ဖြူးပေးသည်။

မိုင်းခတ်မြို့နယ်၌ ယခင်က ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် မြို့ပေါ်ရှိ မီးသုံးစွဲသူပြည်သူ ၄၈၅ ဦးကို တစ်ရက်လျှင် သုံးနာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ယခုတွင် ကျိုင်းတုံမြို့ ၂၃၀ ကေဗွီ ကျိုင်းတုံပင်မဓာတ်အားခွဲရုံရှိ 230/66/11 KV,100 MVA Trans-former၏ ၆၆ ကေဗွီ Feeder(1)(မိုင်းခတ် Feeder)မှ ဓာတ်အားကို လက်ခံရယူပြီး မိုင်းခတ်(66/11 KV/10 MVA)ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဖီဒါတစ်ခုဖြင့် မိုင်းခတ်မြို့ပေါ်ရှိ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် စွပ်ပလောင်းကျေးရွာ၊ ယမ်းတောင်းကျေးရွာ၊ တာဆော့ကျေးရွာ၊ ကျိုင်းပင်းကျေးရွာ၊ ကုန်းမွန်ကျေးရွာ၊ ပင်းကွေ့ကျေးရွာနှင့် ဝမ်မိုင်ကျေးရွာတို့မှ မီးသုံးစွဲသူ ၇၂၅ ဦးတို့အား ဝန်အား(0.7)MW ဖြင့် စတင်ဖြန့်ဖြူးပေးခဲ့ကြောင်း မိုင်းခတ်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ်၌ သမဝါယမကဏ္ဍမှ မိုးနှောင်းဝါစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**ပဲခူး နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော Raka- 666 (BT) မျိုးနှင့် သွင်းအားစုများကို ပံ့ပိုးဆောင်ရွက်ပေးထားသည့် အခြေခံသမဝါယမအသင်း ခုနစ်သင်း၊ အသင်းသားတောင်သူ ၂၈၁ ဦး၏ မိုးနှောင်းဝါသီးနှံဧက ၁၃၀၀ အနက်မှ ရပ်သစ်ကျေးရွာ တိုးတက်အောင်မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ၁၂ ဦး၊ စိုက်ဧက ၁၀၅ ဧက၌ စိုက်ပျိုးထားရှိသော Raka- 666 (BT) မိုးနှောင်းဝါစိုက်ခင်းကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ဝါစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူ မျိုးမင်းထွန်း၊ ခန့်ဝင်းဇော်နှင့် ရဲမင်းနိုင်(ခ)ရဲကြီးတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ပင်လောင်းနှင့် မိုးကောင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် သတင်းအရ ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီး၌ နောင်ချိုမြို့နယ် နောင်အောကျေးရွာနေ ခန့်ဝင်းဇော် (၂၂)နှစ် မောင်းနှင်ပြီး မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ မျိုးမင်းထွန်း(၃၁)နှစ် လိုက်ပါလာသည့် FOTON အမျိုးအစား ခြောက်ဘီးမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေခဲ့ရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၀၅၀) ဖမ်းဆီးရမိပြီး ကွင်းဆက်အရ နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကိုသယ်ဆောင်ခိုင်းသူ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ ရဲမင်းနိုင်(ခ)ရဲကြီး (၃၃)နှစ်ကိုလည်းကောင်း။

နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် သတင်းအရ မိုးကောင်းမြို့ ကျွန်းတောရပ်ကွက်နေ မည်ုမီထွန်း(၅၂)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ ဘိန်းဖြူ ၂ ဒသမ ၉၇ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇၄၂ ဒသမ ၅ သိန်း)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၅၆၄၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၅၃၄၆ သိန်း) တို့ကို ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၄.၁၁.၂၀၂၅ ရက်မှ ၂.၁.၂၀၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာငံ)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှာငံမြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ ခရစ်ယာန်ဘုရားကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၁၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၆၂ ဦး၊ ခွဲစိတ်ရောဂါ ၃၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၃ ဦး၊ ကလေးရောဂါ ၄၉ ဦး၊ အရိုးရောဂါ ၇၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၆ ဦး၊ မျက်စိရောဂါ ၅၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ရှစ်ဦး၊ မျက်စိခွဲစိတ်လူနာခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၃၇ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ရှစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်-

၁။ ကျွန်မနာမည်က မိုးအိဇင်ပါ။ ကျွန်မက ဂေါ်သူတောင်တာကြီးကနေ လာတာပါ။ ကျွန်မတူလေးက အဆုတ်လေပြွန်ရောင်တာလို့ ပြောပါတယ်။ အဲဒီရောဂါနဲ့ ဆရာကိုလာပြတာပါ။ ဆရာဝန်က သေချာစစ်ဆေးပေးတယ်။ ကလေးကို ဆေးကောင်းတွေလည်း ပေးလိုက်ပါတယ်။ ကလေးက အဆုတ်လေပြွန်ရောင်တာဖြစ်လို့ သေချာစောင့်ကြည့်သင့်တယ်လို့ ပြောပါတယ်။ တကယ်လို့ မသက်သာရင်တော့ ဆေးရုံဆေးခန်းသွားဖို့ ညွှန်ကြားပေးတယ်။ ဘယ်ဆေးကို ဘယ်လိုတိုက်ရမယ်ဆိုတာလဲ သေချာညွှန်ကြားပေးတယ်။ အခုလိုမျိုး ကျွန်မတို့ကို တကူးတကလာရောက်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုလိုမျိုး သူတို့က ကျွန်မတို့ကို စိတ်ထဲမှာအသိအမှတ်ရှိပြီး လာပြီးကုသပေးတဲ့အတွက်တကယ်ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

၂။ မျက်စိရောဂါနဲ့ လည်ပင်းရောဂါ ဖြစ်တာပါ။ လည်ပင်းကအသက်ရှူလို့မဝဘူး။ ကျပ်ပြီးတော့ ဆို့ထားသလိုဖြစ်တယ်။ ဒီဘက်ဘေးနားမှာ ဆို့ထားသလို၊ မျက်စိကျတော့လည်း အာရုံကြောက မကောင်းဘူး။ ကြည့်လို့မကောင်းဘူး။ မျက်စိဝေတယ်။ အခုကတော့ တော်တော်သက်သာသွားပါတယ်။ ဆရာဝန်က ကျွန်မကိုပြောတာသူက အခုလောလောဆယ်တော့ ခွဲလို့မရသေးဘူး။ ခြောက်လပိုင်းကျမှ ခွဲလို့ရမယ်။ နေသေးတယ်လို့ပြောတယ်။ ဆေးပဲတိုက်ပေးတယ်။ ဆေးပဲသောက်ခိုင်းတယ်။ ဒီကို လာရောက်ပြီးတော့ ကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေနဲ့ လာရောက်ဖို့ညွှန်ကြားပေးတဲ့ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။







**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”**အစီအစဉ်မှ **“ပြည်သူတွေ မျှော်လင့်တောင့်တတဲ့ စစ်မှန်သော ရွေးကောက်ပွဲပေါ်ပေါက်ရေး”** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် **“တိုင်းပြည်၏အနာဂတ်ကောင်းကျိုးအတွက် ကြိုးပမ်းထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းတွေကို ခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “ဦးအောင်အောင်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်နေ အောင်အောင်(ခ)ဟာဒွန်ရှစ်အား မွန်းလွဲ ၁ နာရီတွင် ရွှေဘိုမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသည်။ ရီးရဲမက်ဒရစ်အသင်းသည် ပထမပိုင်းတွင် ဂိုးရရှိနိုင်သည့် အခွင့်အရေးအချို့ ဖန်တီးနိုင်ခဲ့သော်လည်း အယ်ချီအသင်း ခံစစ်နှင့် ဂိုးသမားကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ပေ။

ဒုတိယပိုင်း ၅၃ မိနစ်တွင် အဲလက်စ်ဖီဘာက အယ်ချီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ရီးရဲမက်ဒရစ်အသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲချိန် ၇၈ မိနစ်တွင် ရရှိခဲ့ပြီး ဟွိုင်ဂျီဆင်းက သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် ပွဲမှာ အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

ပွဲချိန် ၈၄ မိနစ်တွင် အယ်ချီအသင်းက ရိုဒရီဂွက်ဇ်၏ သွင်းဂိုးကြောင့် ဒုတိယဦးဆောင်ဂိုး ရရှိခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် အယ်ချီအသင်းထက် ဂိုးရရှိနိုင်သည့် အခွင့်အရေး ပိုမိုဖန်တီးနိုင်ခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ ပွဲချိန်ပြည့်ခါနီးတွင် ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား ဘဲလင်ဂမ်ကအသင်းအတွက် ဒုတိယချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ဘဲလင်ဂမ်သည် ခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သော်လည်း ဒုတိယနေရာမှ အနီးကပ် ဖိအားပေးလျက်ရှိသည့် ခါးသီးပြိုင်ဘက် ဘာစီလိုနာအသင်းထက် တစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

**အောင်ဇော်**

## တနိုင်းမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းလမ်းညွှန်မှုသင်တန်းဖွင့်

**တနိုင်း နိုဝင်ဘာ ၂၄**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ/အဖွဲ့ခွဲအတွင်းရေးမှူးများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အထက(၁) ပညာရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမိုးဇော်လင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်စိုးက ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သက်ပိုင်က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် မဲပေးစက်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဆက်လက်ပို့ချရာ သင်တန်းသား သင်တန်းသူများကို ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ မဲပေးစက်နှင့် စပ်လျဉ်းသည်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် ရပ်ကွက်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းလမ်းညွှန်များဆိုင်ရာတို့ကို သင်တန်းနည်းပြများက ဆွေးနွေးပို့ချခဲ့သည်။

**မနောမြေ(တနိုင်း)**



# လားရှိုးတက္ကသိုလ် ပြန်လည်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးတက္ကသိုလ်ပြန်လည်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လားရှိုးတက္ကသိုလ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(ယာပုံ) လားရှိုးတက္ကသိုလ်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ စာပေသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားသည်။ ယင်းနောက် စာသင်ဆောင်များ ပြုပြင်နေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လားရှိုးပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ၏ စာပေသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ် ကျုံကူးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့နယ် ကျုံကူးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။



အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ငပုတောမြို့နယ် ကျုံကူးကျေးရွာ စိတ္တသုခ ဘုန်းကြီးကျောင်းတွင် အခြေပြု၍ ကျုံကူးကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၃၇ ဦး၊ ခွဲစိတ်ရောဂါ ၃၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၃ ဦး၊ ကလေးရောဂါ ၃၂ ဦး၊ အရိုးရောဂါ ၇၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၄ ဦး၊ မျက်စိရောဂါ ၁၁၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၀၇ ဦး စုစုပေါင်း ဒေသခံပြည်သူ ၅၅၈ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ခုနစ်ဦး၊ ခါတ်မှန်ရိုက်လူနာ လေးဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၈၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလို ကြားသိခဲ့ရပါသည်-





၁။ လည်ပင်းအကျိတ်က ပြည်တည်လို့ အကြောရောင်တာ၊ ဇက်ကြောတက်တာကနေ စဖြစ်တာပါ။ ဒီမတိုင်ခင်မှာ ပြခဲ့တာရှိပါတယ်။ စာမေးပွဲဖြေနေသေးလို့ ဆိုပြီး မခွဲဖြစ်သေးတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် အဆင်ပြေတယ်။ ကိုယ့်ဒေသမှာ လာပြီးကုသပေးတဲ့အခါကျတော့ အစစအရာရာ အဆင်ပြေသွားပါတယ်။ အခုလိုမျိုး လာရောက်ပြီး ကုသပေးတဲ့အတွက် ဆရာ ဆရာမများ အားလုံးကို ကျေးဇူးတင်ပါတယ်။





၂။ ကျွန်မရဲ့ မေမေက အကြောနဲ့ပတ်သက်ပြီး လမ်းလျှောက်လို့လည်း သိပ်မကောင်းလို့ လာပြတာပါ။ အရင်တုန်းကလည်း လာပြဖူးပါတယ်။ အရင်တစ်ခေါက် လာတုန်းကလည်း အဲ့လိုပဲ အကြောနဲ့ ပတ်သက်ပြီး ဆေးလာပြတော့ ဆေးထိုးပေးတယ်။ သောက်ဆေးတွေဘာတွေ ပေးတယ်ဆိုတော့ သက်သာတယ်။ အခု ကျုံကူးတိုက်နယ်အတွင်းမှာရှိတဲ့ လူတွေအားလုံးက ဒီနေရာကို လာပြီးကုသလို့ရတယ်ဆိုတော့ အဆင်ပြေသွားတာပေါ့။ အခုလိုမျိုး ပင်ပင်ပန်းပန်းနဲ့ ဆေးလာရောက် ကုသပေးတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။ နောက်နောင်ကိုလည်း အခုထက်ပိုပြီးတော့ လာရောက်ကုသပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။

သတင်းစဉ်

# ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျုံးဝင်မှတ်ပုံတင်ထားသူအား အကျိုးခံစားခွင့်(ငွေလုံးငွေရင်း)ပေးအပ်

**မန္တလေး နိုဝင်ဘာ ၂၄**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျုံးဝင်မှတ်ပုံတင်ထားသူအား လူမှုဖူလုံရေးအကျိုးခံစားခွင့်ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။





အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းနှင့် တာဝန်ရှိသူများ၊ အကျုံးဝင်မှတ်ပုံတင်ထားသူ၏ မိသားစုဝင်များတက်ရောက်ပြီး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက လူမှုဖူလုံရေးနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ အကျုံးဝင်မှတ်ပုံတင်ထားသည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အာမခံအလုပ်သမား ဒေါ်တင်တင်နွယ်၏ အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၈၆၄၀၀၀၀ ကို ပေးအပ်သည်။

လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင် မှတ်ပုံတင်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှအာမခံအလုပ်သမားများအား မကျန်းမာမှု၊ မီးဖွားမှု၊ ဖခင်ဘဝဖြစ်မှု၊ နာရေးစရိတ်ထောက်ပံ့ကြေးငွေ၊ ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ ကျန်ရစ်သူငွေလုံးငွေရင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် အချိန်ပြည့် ပညာသင်ကြားနေသော သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်များကို ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မိုးနဲမြို့နယ်၌ မိုးစပါးစိုက်ပျိုးဧက ၁၁၀၇၆ ဧက ယခုလကုန်တွင် ရာနှုန်းပြည့်ရိတ်သိမ်းသွားမည်

**မိုးနဲ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ မိုးစပါး စိုက်ပျိုးဧက စုစုပေါင်း ၁၁၀၇၆ ဧက စိုက်ပျိုးထားရှိပြီး နိုဝင်ဘာလကုန်တွင် ရာနှုန်းပြည့် ရိတ်သိမ်းသွားမည်ဖြစ်သည်။

မိုးနဲမြို့နယ်အတွင်း မိုးစပါး ယာ ၁၃၆၉ ဧက၊ တောင်ယာ ၁၁၁ ဧကနှင့် လယ် ၉၅၉၆ ဧက စုစုပေါင်း ၁၁၀၇၆ ဧကကျော် စိုက်ပျိုးထားရာ တောင်ယာစပါးနှင့် ယာစပါးများအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ လယ်စပါးများကိုလည်း ရိတ်သိမ်းလျက်ရှိရာ ယခုလကုန်ပိုင်းတွင် မိုးစပါးဧက အားလုံးအပြီးသတ်ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးရာသီမှစ၍ ရိတ်သိမ်းချိန်အထိ လိုအပ်သော နည်းပညာနှင့် သွင်းအားစုများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# ဇေယျာသီရိမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဇေယျာသီရိမြို့နယ် မအူတောကျေးရွာ ကွင်းအမှတ် ၁၅၉၉ ကွင်း၊ တောင်သူ ဦးစိုးမြင့်၏ လယ်မြေ ၈ ဒသမ ၇၈ ဧက မိုးစပါးစိုက်ခင်း၌ နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက စံကွက်ရိတ်သိမ်းပွဲကျင်းပသည်။

အခမ်းအနားကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သီဟ၊ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ နေပြည်တော်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသန့်ထွန်း၊ ဇေယျာသီရိခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောနိုင်၊ ဇေယျာသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက တက်ရောက်အားပေးသည်။

မအူတောကျေးရွာ ကွင်းအမှတ် ၁၅၉၉ ကွင်း၌ တောင်သူ ဦးစိုးမြင့်၏ မိုးစပါးစိုက်ခင်းတွင် စိုက်ပျိုးထားသည့် ရက် ၉၀ စပါးမျိုးကို ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးအစိုထွက် တင်း ၁၂၀ နှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)



# ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် သင်ခန်းစာများစတင်သင်ကြား

**နေပြည်တော် နိုဝင်ဘာ ၂၄**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသားသစ်များနှင့် တက်ရောက်လျက်ရှိသည့် ဒုတိယနှစ်မှ ပါရဂူဘွဲ့တန်းထိ ကျောင်းသား ကျောင်းသူများအား နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကျောင်းအပ် စတင်လက်ခံခဲ့ရာ ယနေ့ နိုဝင်ဘာ ၂၄ ရက်မှစတင်၍ နှစ်အလိုက် သင်ခန်းစာများ စတင်သင်ကြားပေးနေပြီ ဖြစ်သည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက်ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမိမိခင်နှင့် ဌာနမှူးများ၊ ဆရာ ဆရာမများက ကြိုဆိုကြပြီး ကျောင်းအပ်နှံရေးအတွက် အခက်အခဲမရှိစေရန် ဖောင်ဖြည့်သွင်းခြင်း၊ ကျောင်းလခ ပေးသွင်းခြင်းများကို အဆင်ပြေချောမွေ့စွာ ကူညီဆောင်ရွက်ပေးကာ ကျောင်းစည်းကမ်း၊ အဆောင်နေစည်းကမ်းများနှင့် သင်ကြားစီမံကိန်းများကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြန်မာ့အလင်း

# နည်းပညာတက္ကသိုလ်(တောင်ငူ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ စတင်ဖွင့်လှစ်



**တောင်ငူ နိုဝင်ဘာ ၂၄**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန လက်အောက်ရှိ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် နည်းပညာတက္ကသိုလ်(တောင်ငူ)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို ယနေ့နံနက်ပိုင်းမှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထိုသို့ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိရာတွင် နိုဝင်ဘာ ၂၄ ရက်အထိ ကျောင်းအပ်နှံမှုစာရင်းအရ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၆၄ ဦး ပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

# ချမ်းမြသာစည်မြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်

**ချမ်းမြသာစည် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်သင်တန်း ဖွင့်ပွဲအခမ်းအနားကို အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ယမန်နေ့က ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက ရွေးကောက်ပွဲနှင့်ပတ်သက်သည့် လုပ်ငန်းအကြောင်းအရာများ သမိုင်းကြောင်းများ၊ ချမ်းမြသာစည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ လုပ်ငန်းလမ်းညွှန်သင်တန်းကာလကို နိုဝင်ဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၇၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အလင်းသစ်(ပြန်/ဆက်)



# သံဖြူဇရပ်မြို့နယ်၌ မိုးစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မော်လမြိုင် နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ် ပငကျေးရွာ ပင စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ဦးအောင်သိန်း၏ လယ်မြေ ၅ ဒသမ ၈၅ ဧကတွင် ဂျပန်ဝါထွန်းစပါးများ ရိတ်သိမ်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းတွင် အသင်းသား တောင်သူ ၃၇ ဦးရှိရာ မိုးစပါး ၃၄၂ ဧက စိုက်ပျိုးထားရှိ၍ အသင်းသားတောင်သူများ အနေဖြင့် စပါးစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် လွယ်ကူချောမွေ့စေရန် ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး၊ အထွက်တိုးမျိုးကောင်းမျိုးသန့်များ တစ်ဆက်တည်း စိုက်ပျိုးနိုင်ရေး၊ တစ်ဧကပန်းတိုင် အထွက်နှုန်း ရရှိရေးတို့အတွက် ညွှန်ကြားရေးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြို့နယ် (ပြန်/ဆက်)

မော်လမြိုင်မြို့နယ် အမှတ်(၁)ဈေးနှင့် APEX စက်သုံးဆီဆိုင်တို့တွင် နိုဝင်ဘာ ၂၃ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း သရုပ်ပြစဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေးနေ့အသိပညာပေး

**ပန်းဘဲတန်း နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ခန်းမ၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး Talk Show ကို ယနေ့နံနက်က ပြုလုပ်သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိမြတ်က Talk Show ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး စာရေးဆရာမ ပေါက်ပေါက်က အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုမရှိစေရေး၊ ကျား မ တန်းတူညီမျှမှုကို အထောက်အကူပြုစေရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် လိုအပ်ကြောင်းနှင့် အိမ်တွင်းအကြမ်းဖက်ခံရမှုများ ပိုမိုမြင့်တက်လာခြင်းမှာ စားဝတ်နေရေးခက်ခဲလာခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ စိတ်ပင်ပန်းမှုများ မြင့်တက်လာခြင်းအကြောင်းကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ နိုဝင်ဘာ ၂၃ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးဟိန်းမင်းနှင့် တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်စဉ်။

အောင်မြင့်မြတ်(ပြန်/ဆက်)

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မဲရုံမှူး၊ ဒုမဲရုံမှူး သင်တန်းဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ မဲရုံမှူး၊ ဒုမဲရုံမှူး သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်း နည်းပြများနှင့် သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က သက်ဆိုင်ရာမဲရုံများတွင် တာဝန် ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုမဲရုံမှူးများသည် ရွေးကောက်ပွဲကျင်းပ နေစဉ်ကာလ လက်တွေ့နယ်ပယ်၌ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ သိရှိနားလည်ဆောင်ရွက် တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ အဓိကတာဝန်မှာ တရားမျှတသော



ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးရန် ဖြစ်ကြောင်း၊ တရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့်လည်း သင်တန်းသားများအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများ ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို အမျိုးသားရေးတာဝန်အဖြစ် အလေး အနက်ခံယူပြီး ပေးအပ်လာမည့် ရွေးကောက်ပွဲဆိုင်ရာတာဝန်များ ကို အားလုံးပူးပေါင်း၍ ကျေပွန်အောင်ထမ်းဆောင်ကြရန် ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီမှ ချီးမြှင့်ငွေကျပ် ၁၂၅ သိန်း အား နေပြည်တော်ကောင်စီဝင်က ပေးအပ်ရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လက်ခံရယူသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်တွင် မဲရုံမှူး၊ ဒုမဲရုံမှူးသင်တန်းများကို နိုဝင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့် အတူ လယ်ဝေးမြို့နယ် အမှတ်(၄)ရပ်ကွက် ရုံးတောကျေးရွာနှင့် သာယာကုန်းကျေးရွာတို့တွင် ဒုတိယအကြိမ်မဲဆန္ဒရှင် စာရင်းကြေညာ ထားရှိမှုကို ပြည်သူများလာရောက်ကြည့်ရှုနေမှုအား ကြည့်ရှုအားပေး ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇေယျာဝတီမြို့၌ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

**ဖြူး နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျာဝတီမြို့ မြို့မ (၁)ရပ်ကွက် ဖဆ(၆)လမ်းအား ကိုယ့်အား ကိုယ်ကိုး ကွန်ကရစ်လမ်း ခင်းကျင်း ခဲ့ရာ ပြီးစီးသွားသောကြောင့် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်က အဆိုပါလမ်း၌ ကျင်းပသည်။



အခမ်းအနားကို မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ အဖွဲ့ဝင် ဦးခင်မောင်စိုး၊ မြို့နယ် စည်ပင်သာယာရေး အဖွဲ့၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်မောင်၊ ဇေယျာဝတီ မြို့အုပ်ချုပ်ရေးမှူး ဦးရဲလွင်ဦးနှင့် လမ်းအလှူရှင် ဦးပဆန်းကူးမား တို့က ဖွင့်လှစ်ပေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်မှာ လမ်း အရှည်ပေ ၅၅ဝ၊ လမ်း အကျယ် ၁၈ ပေခွဲ၊ ဒု ကိုးလက်မ၊ လမ်းဘေးဝဲယာ ရေမြောင်းနှင့် အဖုံးပိတ်ပါလမ်းဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအတွက် နွေမိုးဆောင်း သွားလာရေး အဆင်ပြေစေမည့် လမ်းဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



# အောင်လံမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**အောင်လံ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုး မာလာခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက လူငယ် စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်မူးယစ် ဆေးဝါးအန္တရာယ်၊ လူငယ်နှင့်သတ္တိ၊ လူငယ်နှင့်ကြီးပွားရေး၊ လူငယ်နှင့် ယဉ်ကျေးမှုခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

# တပ်ကုန်းမြို့ အထက(၁)ကျောင်း၌ သတ္တမကြိမ်မြောက် ဆရာကန်တော့ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၁၉၉၇-



၁၉၉၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း၌ ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူများ ဦးဆောင်ကျင်းပသည့် သတ္တမအကြိမ် မြောက် ဆရာကန်တော့ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ကျောင်းသား ကျောင်းသူများက မြတ်ဆရာ သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ဆရာကြီး ဆရာမကြီး ၅၅ ဦးအား ကန်တော့ငွေများဖြင့် ကန်တော့ကြပြီးနောက် ဆရာကြီး ဆရာမကြီး များက ဆုံးမဩဝါဒစကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဆရာကြီး ဆရာမကြီးများအား အာဟာရဒါနများ ဧည့်ခံကျွေးမွေး ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ နိုဝင်ဘာ ၂၄ ရက်က မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင် များ ဖြန့်ဝေစဉ်။ ရဲကိုမောင် (ပြန်/ဆက်)

# တောင်ငူမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**တောင်ငူ နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီး ကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ကျွန်းကုန်းကျေးရွာ၌ ကျင်းပ သည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရဲဝင်းက အထက(ကျွန်းကုန်း)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၃ဝဝ အား သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုး မြူငွေ့လျှော့ချရေးဆိုင်ရာအကြောင်းအရာများ၊ မြန်မာနိုင်ငံတွင် တွေ့ရှိ ရသော သစ်တောအမျိုးအစားများ၊ သစ်တောများ၏ ကောင်းကျိုး များ၊ စနစ်တကျအမှိုက်စွန့်ပစ်ရေး၊ မီးခိုးမြူငွေ့ဖြစ်ပေါ်စေသော မီးလောင်ကျွမ်းမှုများ၊ မီးလောင်ကျွမ်းမှုကြောင့် ထွက်ပေါ်လာသည့် ဓာတ်ငွေ့များ၊ အမှုန်များ၊ မီးခိုးမြူငွေ့များ၊ ပြာမှုန့်များ၊ ကာဗွန်ဒိုင် အောက်ဆိုက်များကြောင့် လူ့ကျန်းမာရေးအပေါ် ထိခိုက်မှုများနှင့် နာတာရှည်ကျန်းမာရေးအကျိုးဆက်များ စသည်တို့ကို အသိပညာ ပေး ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက သိရှိ လိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ပေါင်းတည်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

**ပေါင်းတည် နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ပြည်တွင်းအခွန်များဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာ အကြောင်းအရာများကို အခွန်ထမ်းပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရည်ရွယ်၍ နိုဝင်ဘာ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးရုံး၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးစိုးမင်းသူက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ချိုက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံဆောင်ရွက်နေ သော အခွန်များအကြောင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
# သာသနာရေးဦးစီးဌာန
# ရုံးအမှတ် (၃၁)၊ နေပြည်တော်
# လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ဝန်ထမ်းသစ်များ ခန့်ထားမည်ဖြစ်ပါသဖြင့် သတ်မှတ်အရည်အချင်း နှင့်ပြည့်မီသူများသည် **၂၉-၁၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထားပြီး စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ သာသနာရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၁) နေပြည်တော်**သို့ ပေးပို့လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူးအမည် | လစ်လပ် | အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | စာရင်းကိုင်-၄ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၀ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| (ခ) | အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၄၅ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| (ဂ) | သာသနာရေးလက်ထောက်-၄ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂၀ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ/ဓမ္မာစရိယဘွဲ့ ၄ မျိုးအနက် တစ်မျိုးမျိုးရရှိသူ |
| (ဃ) | ဒုတိယလက်ထောက် ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၅ နေရာ | အထက်တန်းအဆင့် ကွန်ပျူတာအသင့်အတင့် အသုံးပြုနိုင်သူ |
| (င) | ယာဉ်မောင်း/စက်ပြင်-၅ (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၅ နေရာ | အလယ်တန်းအဆင့်/ပထမကြိုးတန်းအောင် အနိမ့်ဆုံးယာဉ်မောင်းလိုင်စင်(ခ)ရှိပြီး မော်တော်ယာဉ်ကို ကျွမ်းကျင်စွာမောင်းနှင်နိုင်သူ/ပြင်ဆင်နိုင်သူ |
| (စ) | လုံခြုံရေး-၅ (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၃ နေရာ | အလယ်တန်းအဆင့်/ပထမကြိုးတန်းအောင် ကျန်းမာကြံ့ခိုင်ပြီးတက်ကြွစွာ တာဝန်ထမ်းဆောင်နိုင်သူ |
| (ဆ) | လျှပ်စစ်ကျွမ်းကျင်-၅ (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၂ နေရာ | အလယ်တန်းအဆင့်/ပထမကြိုးတန်းအောင် လျှပ်စစ်ပိုင်းဆိုင်ရာ အသင့်အတင့်ကျွမ်းကျင်သူ |
| (ဇ) | ရုံးအကူ/စာပို့ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၅ နေရာ | အလယ်တန်းအဆင့်/ပထမကြိုးတန်းအောင် ရုံးလုပ်ငန်းဆိုင်ရာအသင့်အတင့် နားလည်တတ်ကျွမ်းသူ |

၂။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူသည် အောက်ပါအချက်အလက်များ ပြည့်စုံစွာ ပူးတွဲ ပေးပို့ရမည်-

(က) ပညာအရည်အချင်းထောက်ခံချက်

(၁) အပိုဒ် ၁၊ အပိုဒ်ခွဲ(က)မှ (ဂ)ထိ ရာထူးများအတွက် ဘွဲ့ရဖြစ်ပါက အခြေခံပညာ အထက်တန်းအောင်လက်မှတ်မိတ္တူနှင့် ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) ယာယီ ဘွဲ့ထောက်ခံစာမိတ္တူ၊ မိတ္တူမှန်ကန်ကြောင်း လက်မှတ်ရေးထိုးရန် (မူရင်းအား လူတွေ့ လာရောက်ဖြေဆိုသည့်အခါ တင်ပြနိုင်ရမည်)၊

(၂) အပိုဒ် ၁၊ အပိုဒ်ခွဲ(ဃ)ပါ ရာထူးအတွက် အခြေခံပညာအထက်တန်းအဆင့်ရှိ ထောက်ခံချက်မိတ္တူ၊ ကွန်ပျူတာသင်တန်းဆင်းလက်မှတ်မိတ္တူ (လူတွေ့ဖြေဆိုချိန်တွင် မူရင်း ယူဆောင်လာရန်)၊

(၃) အပိုဒ် ၁၊ အပိုဒ်ခွဲ(င)မှ (ဇ)ထိ ရာထူးများအတွက် အခြေခံပညာအလယ်တန်းအဆင့်ရှိ ထောက်ခံချက်မိတ္တူ၊ ပထမကြိုးတန်းအောင်လက်မှတ်မိတ္တူ (လူတွေ့ဖြေဆိုချိန်တွင် မူရင်းယူဆောင်လာရန်)၊

(၄) ရရှိထားသည့် လုပ်ငန်းကျွမ်းကျင်လက်မှတ်(Certificate)များရှိလျှင် မိတ္တူ၊

(ခ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removel) ခံရသူများ လျှောက်ထားခွင့်မရှိပါ၊

(ဂ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ။

၃။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်၊

(ဂ) ဘာသာရေး၊ သာသနာရေးဆိုင်ရာ လုပ်ငန်းများ စိတ်ပါဝင်စားသူဖြစ်ရမည်၊

(ဃ) ၃၀-၁၁-၂၀၂၅ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်များသည် အသက် ၃၂ နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊ (တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်/ အခြေခံပညာ ထောက်ခံချက်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာ အတည်ပြုမည်)

(င) အပိုဒ် ၁၊ အပိုဒ်ခွဲ(ဂ)ပါ ရာထူးအတွက် ပြင်ပပုဂ္ဂိုလ်များသည် အသက် ၃၂ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်(မိမိဌာနအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားဝန်ထမ်းများ၏ အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားမည်)၊

(စ) လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(၁) တစ်လအတွင်း ရိုက်ကူးထားသော ၁" x ၁.၁၅" ဓာတ်ပုံ ၃ ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးရန်)

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(၄) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(၅) ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊

(၆) အပိုဒ် ၁၊ အပိုဒ်ခွဲ(က)မှ (ဇ)ထိ ရာထူးများအတွက် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး ၃ နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်းနှင့် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက သတ်မှတ်ထားသည့် လျော်ကြေးကို ပေးလျော်မည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်၊

(၇) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ၊ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(၈) ပြင်ပပုဂ္ဂိုလ်များသည် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ၂၃-၁၁-၂၀၂၅ ရက်နေ့ နောက်ပိုင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာမူရင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း၊

(၉) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုစာ။

၄။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို (လုံးဝ) လုံးဝ ထည့်သွင်းလက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ အပိုဒ် ၁၊ အပိုဒ်ခွဲ(က)မှ (ဂ)ထိ ရာထူးများအတွက် ရေးဖြေစစ်ဆေးခြင်းကို အောက်ဖော်ပြပါစာဖြေဌာနများအလိုက် တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သောကြောင့် **မိမိတို့ဖြေဆိုမည့် စာဖြေဌာန ၁ ခုကို ရွေးချယ်ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာဖြေဌာန၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်-**

(က) **နေပြည်တော်စာဖြေဌာန** - ဓမ္မိကာရာမ အုန်းတောပရိယတ္တိစာသင်တိုက်၊ ပျဉ်းမနားမြို့ ဖုန်း- ၀၆၇ ၃၅၅၀၁၈၃၊ ၀၉-၄၂၀၇၂၆၄၈၉

(ခ) **ရန်ကုန်စာဖြေဌာန** - ဝိဇယမင်္ဂလာဓမ္မသဘင်ကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၄၈၀၀၈၈၈၉၊ ၀၉-၄၄၂၄၇၃၃၀

(ဂ) **မန္တလေးစာဖြေဌာန** - မဟာသုန္ဒရာ ရာမပရိယတ္တိစာသင်တိုက်၊ (၅) ထပ် ဓမ္မဗိမာန်တော်ကြီး၊ တံခွန်တိုင်အဝိုင်းမြောက်ဘက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၉ ၂၅၃၉၅၈၁၄၆၊ ၀၉ ၄၄၂၀၀၁၈၃၉

၆။ အပိုဒ် ၁၊ အပိုဒ်ခွဲ (က)မှ (ဂ)ထိ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို **၈-၁-၂၀၂၆** ရက်နေ့၊ ၀၉၀၀ မှ ၁၁၀၀ အချိန်ထိ မြန်မာစာနှင့် အင်္ဂလိပ်စာကိုလည်းကောင်း၊ ၁၃၀၀ မှ ၁၄၀၀ အချိန်ထိ အထွေထွေ ဗဟုသုတကိုလည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို အပိုဒ်(၅)ပါ သက်ဆိုင်ရာဌာနများ၌ ၉-၁-၂၀၂၆ ရက်နေ့ ၀၉၀၀ အချိန်တွင် ဖြေဆိုသွားမည်ဖြစ်ပါသည်။

၇။ အပိုဒ် ၁၊ အပိုဒ်ခွဲ(ဃ)ပါ ရာထူးအတွက် လက်တွေ့စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းကို လည်းကောင်း၊ အပိုဒ် ၁၊ အပိုဒ်ခွဲ(င)မှ (ဇ)ထိ ရာထူးများအတွက် လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်း ရုံးအမှတ်(၃၁)၊ သာသနာရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် ၈-၁-၂၀၂၆ ရက်နေ့မှ ၉-၁-၂၀၂၆ ရက်နေ့တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ **စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၇-၁-၂၀၂၆ ရက်နေ့**တွင် သက်ဆိုင်ရာစာဖြေဌာနများ၌ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရရှိသူများစာရင်းအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) website (www.mora.gov.mm)နှင့် သာသနာရေးဦးစီးဌာန website (www.dra.gov.mm) တို့တွင် ဖော်ပြမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက သာသနာရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း ၀၆၇ ၃၄၀၆၂၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**

## အိမ်ရာမြေကွက်၏ စာရွက်စာတမ်းမူရင်းများ ပျောက်ဆုံး၍ မိတ္တူမှန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(၅၃- စီ)၊ မိဌာန်အောင်ဘုရားလမ်းအကွက်၊ ဦးပိုင်/မြေကွက်အမှတ်(ည/၅၇)၊ မြေအ ကျယ်(၆၀ပေ x ၈၀ပေ) ကျယ်ဝန်းသော မြေကွက်အား မြဝတီမြို့အဆင့်မြင့် မြို့ ပြစီမံကိန်းအကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီမှ (၉-၁-၂၀၀၄) ရက်စွဲ ပါ စာအမှတ် ၄/၆-၄၀၇/ဦး၆ ဖြင့် ဒုအရာခံဗိုလ် လှစိုးအားလည်းကောင်း၊ဦးပိုင်/ မြေကွက်အမှတ်(ည/၅၈)၊ မြေအကျယ်(၆၀ပေ x ၈၀ပေ)ကျယ်ဝန်းသော မြေကွက်အား မြဝတီမြို့အဆင့်မြင့်မြို့ပြ စီမံကိန်းအကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီမှ (၉-၁-၂၀၀၄)ရက်စွဲပါစာအမှတ် ၄/၆-၄၀၇/ဦး ၆ဖြင့် တပ်ကြပ်ကြီး အောင်သူအားလည်းကောင်း မြေနေရာချထားပေးခဲ့ပါသည်။

၂။ အထက်အပိုဒ်(၁)ပါ ဦးပိုင်/မြေကွက်အမှတ်(ည/၅၇)အား ဒုအရာခံဗိုလ် လှစိုးက မြဝတီမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်(၁၁၆/၂၀၀၄)ဖြင့် ကျွန်မ ဒေါ်အေးမြင့်အား လုပ်ပိုင်ခွင့်များ လွှဲပြောင်းပေးအပ်ခဲ့ပြီး အထက်အပိုဒ်(၁)ပါ ဦးပိုင်/မြေကွက်အမှတ်(ည/၅၈)အား တပ်ကြပ်ကြီး အောင်သူက ကျွန်မ ဒေါ်အေးမြင့်ထံသို့ အရပ်ကတိစာချုပ်ဖြင့် လွှဲပြောင်းရောင်းချခဲ့ကာ ကျွန်မမှလည်း ယင်းမြေကွက်အား ဝယ်ယူထားခြင်း မှန်ကန်ကြောင်း မြဝတီမြို့နယ်တရားရုံးတော်၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် စဉ်(၅၂/၂၀၀၄)ဖြင့် ကျမ်းကျိန်ဆိုထားခဲ့ပါသည်။

၃။ ယခုအခါ ကျွန်မ လက်ရှိထားနေထိုင် လျက်ရှိသည့် အထက်အပိုဒ်(၁)ပါ ဦးပိုင် /မြေကွက်အမှတ်(ည/၅၇) မြေကွက်နှင့် ဦးပိုင်/မြေကွက်အမှတ်(ည/၅၈)မြေကွက် တို့၏ မြေပေးမိန့်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာမူရင်းနှင့် ဆက်စပ်စာရွက်စာ တမ်းမူရင်းများသည် ပျောက်ဆုံးသွားပါ၍ အဆိုပါ စာရွက်စာတမ်းမူရင်းများ၏ မိတ္တူမှန်တို့အား ရရှိရန် သက်ဆိုင်ရာ ရုံး/ဌာနတို့တွင် ကျွန်မ ဒေါ်အေးမြင့်က လျှောက်ထားခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးမြင့် ၃/ကကရ(နိုင်) ၀၇၁၆၆၀**
**မိဌာန်အောင်ဘုရားလမ်း၊ (၃)ရပ်ကွက်၊ မြဝတီမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၃၉၊ မြေကွက်အမှတ်(၇၉၃) အကျယ်အဝန်း(၄၀x၆၀)ပေအကျယ်ရှိ ဦးစံထွန်း(၅/စကန(နိုင်)၀၁၈၃၈၄)အမည်ပေါက် မြေချပါမစ်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်စာချုပ်စာတမ်း မူရင်းများဖြင့် လက်ဝယ်ထားပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ကေသီရွှေ(၉/မထလ(နိုင်)၀၀၀၇၃၉)မှ ၄င်းလက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံအဆိုပြု၍ ဦးစံထွန်းအမည်ပေါက် မြေချပါမစ်မူရင်းနှင့်အတူ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းဆွေ(၁၂/ဒဂမ(နိုင်)၀၀၇၄၇၂)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သင်းသင်းဆွေ ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကိုကို LL.B ဒေါ်ပိုပိုချစ် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၂) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၄၀)**
**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၄၅၀၅၆၃၆၊ ၀၉- ၂၅၉၁၀၈၇၉၅**

## ပတ်စ်ပို့ပျောက်

ဟိုပုံးမြို့၊ တောင်ရပ်ကွက်၊ နယ်မြေ(၂)နေ ကျွန်တော် ခွန်ခန့်အောင်ထွန်း ၁၃/ဟပန(နိုင်) ၀၇၅၇၁၇၏နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးနိုင်ပါရန်။ **ဖုန်း-၀၉-၇၆၃၆၂၆၁၅၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွား(၅/က)ရပ်ကွက်နေ ဒေါ်နဲမ်ဇလိုန် ၄/ဖလန(နိုင်)၀၂၈၀၉၃ နှင့် ဘွဲ့လက်မှတ်ပါ ဒေါ်နဲမ်ဇကျိန် တို့မှာ တစ်ဦးတည်းဖြစ်ပြီး ၎င်း၏ဖခင် ဦးဟဲင်ခိုဆွမ်းနှင့် ဦးဟဲမ်ခိုလွန်းတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်နဲမ်ဇလိုန်(ခ)ဒေါ်နဲမ်ဇကျိန်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၇)၊ သုခမိန်(၁)လမ်း၊ မြေကွက်အမှတ်(၆၀၃)၊ မြေအကျယ်အဝန်း (အလျား၄၀ပေXအနံ၆၀ပေ)ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း(အလျား၂၀ပေXအနံ၆၀ပေ)၊ ခြေရင်းခြမ်း၊ မြေကွက်အမှတ်(၆၀၄) နှင့် ကပ်လျက်အခြမ်းရှိ နော်သူလေးဖေါ် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ နော်သူလေးဖေါ်ထံမှ "နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်အဆက်ဆက်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်သော ဦးပိုင်မင်းထက်၊ ဒေါ်အေးနန္ဒာသိန်းတို့က မိမိတို့သာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမြင့် (၁၂/အလန(နိုင်)၀၂၃၅၈၉)က အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စိမ့်ဇာဦး(မြောင်းမြ)(LL.B)(D.B.L)(D.M.L)(D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈) သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၀၁၁၀၄၈**

## မွေးသက္ကရာဇ်အမှန်

